
mgyoe.com SAMPLE BOOK




လင်္ကာရည်ကျော်

# ကံ့ကော်

mgyoe.com

mgyoe.com

SAMPLE BOOK

"ပန်းကုံ့ကော် ရွှေဝံကား
ငွေသားနု စံပယ်မှန်
မြတ်လေး ခတ္တာနှင့်
ရွှေယင်းမှာ ကြာခဝဲ
ဖွဲ့စနှင်းရှုံ
သဇင်ကျန်
ခွာတံပေါက်လဲ
ပွင့်ဝတ်ကယ် ရွှေဖီမင်း
သင်းထုံနံ့ကဲ"

K0293

mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ

၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ပထမအကြိမ် - ဇွန်လ၊ ၂၀၁၇ ခုနှစ်။ ကံ့ကော်ဝတ်ရည်စာပေ။

အုပ်ရေ - ၁၀၀၀

မျက်နှာဖုံးပုံနှိပ် - အောင်သိန်းသန်းပုံနှိပ်တိုက်

အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ် - ဦးလပြည့်ဝေး၊ လပြည့်လင်းပုံနှိပ်တိုက် (၀၀၃၆၉)

အမှတ် - 11H ၊ ၅၅-လမ်း(လယ်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - ခင်ကံ့ကော်ကျော်

တန်ဖိုး - ၂၈၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

# ကံ့ကော်

## လက်ရွေးစင်

ကံ့ကော်ဝတ်ရည်စာပေ
အမှတ်-၂၂၊ မဟာဗန္ဓုလလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၂၅၀၀၁၂၃၄၈ ၊ ၀၉ ၂၅၉၂၆၁၈၃၇ ၊ ၀၉ ၄၄ ၇၃၀ ၄၁၁၃၇
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
www.facebook.com/KantKawWutYeePublishing
တို့တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ ကိုယ်ရေးအကျဉ်း

အမည်ရင်းမှာ ရဲမြင့်ကျော် ဖြစ်သည်။

၁၉၆၁ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ မြို့မ တဲကြီးကုန်း ကျေးရွာတွင် အဖ ဦးတင်ညွန့်၊ အမိ ဒေါ်မြရီတို့၏ ဒုတိယသား အဖြစ် ဖွားမြင်ခဲ့သည်။

ရန်ကုန်မြို့တွင် ကြီးပြင်းခဲ့ပြီး အ·ထ·က(၁) လမ်းမတော်(ယခင် စိန့်ဂျွန်းကျောင်း)၊ အမှတ်(၂) ဒေသကောလိပ် လှိုင်နယ်မြေနှင့် ဆေးတက္ကသိုလ် (၁)ရန်ကုန်တို့တွင် ပညာသင်ကြားခဲ့သည်။

ကလေးအထူးကုဆရာဝန်ကြီးတစ်ဦးဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ ဆေးပညာဆိုင်ရာ ဘွဲ့လွန်နှင့် ဒီပလိုမာကိုးခု ရရှိခဲ့သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံကျော်ခန့်သို့ ပညာတော်သင်၊ လေ့လာရေးနှင့် ဆေးပညာ နှီးနှော ဖလှယ်ရေး အစည်းအဝေးများ သွားရောက်ခဲ့သည်။

ပြည်တွင်း နေရာဒေသအနှံ့အပြားတွင်လည်း ရာထူးအဆင့် အမျိုးမျိုး နှင့် တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၄ ခုနှစ်မှ စ၍ လက်ံရည်ကျော် ကလောင်အမည်ဖြင့် ရသ စာပေများ ရေးသားထုတ်ဝေခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ထုတ်ဝေသော ပထမဦးဆုံး ဝတ္ထုရှည် ***'ကြိုးကြာတောင်ပံခတ်သံ'*** ဖြင့် အမျိုးသားစာပေဆုကို လှူငယ် စာပေကဏ္ဍမှ ရရှိခဲ့သည်။ ***'ကြိုးကြာတောင်ပံခတ်သံ'*** ကို စင်ရော်ထုတ်လုပ် ရေးမှ ရုပ်ရှင်ဇာတ်ကားကြီးအဖြစ် ရိုက်ကူးခဲ့ရာ ၂၀၀၉ ခုနှစ်အတွက်

mgyoe.com

mgyoe.com SAMPLE BOOK

အကောင်းဆုံးဇာတ်ကားဆုနှင့် အကောင်းဆုံး ဇာတ်ညွှန်းဆု အကယ်ဒမီ နှစ်ဆု ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ***'ကြိုးကြာတောင်ပံခတ်သံ'*** ကို တက္ကသိုလ်များ မြန်မာစာအဖွဲ့က တတိယနှစ် ဝိဇ္ဇာဘွဲ့ (မြန်မာစာ)အတွက် ပြဋ္ဌာန်းစာအုပ်အဖြစ် သတ်မှတ်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ထုတ်ဝေသော ဒုတိယဝတ္ထုရှည် ***'ဒေါက်တာ ရွှေသွေးနှင့် မပန်းမွှံ'*** သည်လည်း အမျိုးသားစာပေဆုကို ဝတ္ထုရှည်ကဏ္ဍမှ ရရှိခဲ့သည်။

ယခုအထိ ဝတ္ထုရှည် ၁၁ ပုဒ်နှင့် ဝတ္ထုတို ၁၀၀ကျော်ရေးသားခဲ့ပြီး ဝတ္ထုတိုပေါင်းချုပ်များလည်း ထုတ်ဝေခဲ့သည်။

'ပန်းဒေါင်း' နှင့် 'နေဝင်အိပ်တန်းတက်' ဝတ္ထုရှည် နှစ်ပုဒ်ကို ကိုယ်တိုင် ဇာတ်ညွှန်းရေးသားခဲ့ပြီး ရုပ်ရှင်ကားကြီး ရိုက်ကူးပြီးစီးခဲ့ပြီ ဖြစ်သည်။

၂၀၀၀ ပြည့်နှစ်မှစ၍ ကလေးကျန်းမာရေး ပညာပေး စာအုပ်များ ရေးသား ထုတ်ဝေခဲ့ပြီး ***'မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေး ပြုစု စောင့်ရှောက်နည်းများ'*** စာအုပ်နှင့် ၂၀၁၃ ခုနှစ်တွင် သုတစွယ်စုံ စာပေဆုကိုလည်း အသုံးချ သိပ္ပံဘာသာရပ်ကဏ္ဍမှ ရရှိခဲ့သည်။

လူငယ် ပညာပေး ဆောင်းပါးများလည်း စဉ်ဆက်မပြတ် ရေးသား ခဲ့သည်။

ဓမ္မဆောင်းပါးများလည်း ရေးသား ထုတ်ဝေခဲ့သည်။

FM Bagan ရေဒီယိုတွင် 'စာရေးဆရာ၊ ဆရာဝန်၏ အတွေးများ' ကဏ္ဍကိုလည်း အပတ်စဉ် တင်ဆက်နေသည်။

ယခုအခါ ဆရာသည် ပါမောက္ခ၊ ဌာနမှူး၊ ကလေးကျန်းမာရေး ပညာဌာန၊ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ တာဝန်ခံ ကလေးအထူးကုဆရာဝန်ကြီး၊ ကလေးဆေးရုံကြီး ရန်ကုန်နှင့်၊ ဥက္ကဋ္ဌ ကလေးကျန်းမာပညာအဖွဲ့၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း တာဝန်များ ထမ်းဆောင်ရင်း ရသ၊ သုတနှင့် ဓမ္မစာပေများ စဉ်ဆက်မပြတ် ရေးသားလျက် ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

# လက်ာရည်ကျော်၏ ထုတ်ဝေပြီးသော စာအုပ်များ

| ဝတ္ထုရှည် | ပထမအကြိမ်ထုတ်ဝေသောနှစ် |
|---|---|
| ၁။ ကြိုးကြာတောင်ပံခတ်သံ | ၂၀၀၇ |
| ၂။ ဒေါက်တာရွှေသွေးနှင့် မပန်းမှုံ | ၂၀၀၉ |
| ၃။ နေဝင်အိပ်တန်းတက် | ၂၀၁၀ |
| ၄။ ချစ်စရာအိမ်ကလေး | ၂၀၁၁ |
| ၅။ တိမ်တွေ တောင်တွေနှင့် ခရီးသည် | ၂၀၁၂ |
| ၆။ တစ်ပွင့်ကျန် | ၂၀၁၂ |
| ၇။ တိမ်ညိုမှာ ငွေဇာကွပ်ကယ်နှင့် | ၂၀၁၃ |
| ၈။ ပန်းဒေါင်း | ၂၀၁၄ |
| ၉။ ကျောက်စရစ်ခဲကလေးများမှတစ်ဆင့် | ၂၀၁၅ |
| ၁၀။ နှင်းဆွတ်ရေ | ၂၀၁၆ |
| ၁၁။ ပန်းမာန် | ၂၀၁၆ |

| ဝတ္ထုတိုပေါင်းချုပ် | |
|---|---|
| ၁။ ပထမအိပ်မက် ဝတ္ထုတိုများ | ၂၀၀၇ |
| ၂။ သမားလည်ပြန် ဝတ္ထုတိုများ | ၂၀၀၉ |
| ၃။ သိင်္ဂါရအလှည့် ဝတ္ထုတိုများ | ၂၀၁၀ |
| ၄။ အမြဲတေရတနာ ဝတ္ထုတိုများ | ၂၀၁၀ |
| ၅။ ဆရာ့နှလုံးသား ဝတ္ထုတိုများ | ၂၀၁၁ |
| ၆။ နေညိုကမ်းနဖူး ဝတ္ထုတိုများ | ၂၀၁၁ |
| ၇။ ဝိုးတဝါး အတွေးစများ ဝတ္ထုတိုများ | ၂၀၁၁ |
| ၈။ နှလုံးသား ညာဘက်အပေါ်ခန်း ဝတ္ထုတိုများ | ၂၀၁၂ |
| ၉။ တတိယ အလင်းရောင် ဝတ္ထုတိုများ | ၂၀၁၆ |

| ဆောင်းပါးပေါင်းချုပ် | |
|---|---|
| ၁။ သမီးသို့… | ၂၀၁၆ |
| ၂။ မေတ္တာနိုင်ငံ | ၂၀၁၇ |

mgyoe.com

mgyoe.com SAMPLE BOOK

ဓမ္မဆောင်းပါး

၁။ မင်္ဂလာရှိသော အောင်မြင်မှု ၂၀၁၄

## ပါမောက္ခရဲမြင့်ကျော်(ဒေါက်တာရဲ)ကလေးအထူးကု ဆရာဝန်ကြီး၏ ထုတ်ဝေပြီးသော စာအုပ်များ

ဆောင်းပါးပေါင်းချုပ် ပထမအကြိမ်ထုတ်ဝေသောနှစ်

၁။ ကလေးကျန်းမာရေးဆိုင်ရာ အယူအဆအမှားများ ၂၀၀၇
၂။ ရင်သွေးရတနာ ကလေးများအတွက် ၂၀၀၈
၃။ ရင်သွေးတို့ ရှင်သန် ကျန်းမာဖို့ ၂၀၀၈
၄။ စိန်တုံးကြီးများအကြောင်း ၂၀၀၉
၅။ ရှေးဦး ကလေးသူနာပြုစုနည်း ၂၀၀၉
၆။ ကလေးနှလုံးရောဂါများအကြောင်း ၂၀၀၉
၇။ ဒါ စိုးရိမ်စရာလားနှင့် စိုးရိမ်စရာများ ၂၀၀၉
၈။ မမွေးဖွားမီမှ အရွယ်ရောက်သည်အထိ ကလေးပြုစုစောင့်ရှောက်နည်းများ ၂၀၁၁
၉။ စာရေးဆရာ ဆရာဝန်၏ အရှုံးလွှယ်အိတ် ၂၀၁၁
၁၀။ ကလေးဆရာဝန်၏ ဆရာဝန်ကလေးဘဝ ၂၀၁၁
၁၁။ အရောင်စုံ အသွေးစုံ ကလေးကျန်းမာရေးဆောင်းပါးများ ၂၀၁၁
၁၂။ လှုပ်လှုပ်ရှားရှား ကလေးကျန်းမာရေး ဆောင်းပါးများ ၂၀၁၁
၁၃။ လူငယ်တွေ ဖတ်စေချင်သည့် ကျွန်တော့်ဆောင်းပါးများ ၂၀၁၂
၁၄။ နောက်ဆက်တွဲ ကလေးကျန်းမာရေး အယူအဆအမှားများ ၂၀၁၂
၁၅။ တကယ်နော် ခက်သည့် အရွယ်တွေအကြောင်း ၂၀၁၃
၁၆။ နောက်ဆက်တွဲ ကလေးကျန်းမာရေး အယူအဆအမှားများ-၂ ၂၀၁၄

ဘာသာပြန်ဆောင်းပါး

၁။ ခေါင်းဆောင်ကောင်းဖြစ်မည့် စိတ်နေသဘောထား ၂၀၀၉

mgyoe.com

mgyoe.com SAMPLE BOOK

# ကံ့ကော်အတွက် အမှာစကား

ကံ့ကော်အတွက် အများကြီး ထပ်ပြောစရာ မရှိပါ။

ရင်ထဲရှိသမျှ အများကြီး ပြောထားမိပြီးနေ၍ ဖြစ်ပါသည်။

ဘာရယ်ပါဟု ကျွန်တော်လက်ညှိုးထိုး မပြတတ်၊ အကောင်အထည် ဖွဲ့ဆို ရေးမပြတတ်သော ကျွန်တော်အလွန်တန်ဖိုးထား မြတ်နိုးသည့် အရာတွေကို ကျွန်တော် ထုံးစံအတိုင်း ဇာတ်လမ်းကလေးနှင့် ရေးဖွဲ့တင်ပြခဲ့တာပါ။

ဒါကြောင့်လည်း အမြတ်နိုးဆုံးမိန်းကလေး၏အမည်ကို ယူသုံးထားတာပါ။

သူ့အမည်ကိုယူသုံးမိတော့ ခါတိုင်းလို မှာစရာတချို့ကတော့ ရှိလာပါသည်။

ဒါ သူ့အကြောင်း မဟုတ်ပါ။

ကံ့ကော်ထဲက အဖြစ်အပျက်တွေ အပြင်မှာ မဖြစ်ခဲ့ဖူးပါ။ ကံ့ကော်ရွာနှင့် ကံ့ကော်ရွာသူရွာသားတို့ အပြင်မှာ ဘယ်ခေတ် ဘယ်ကာလကမျှ မရှိခဲ့ဖူးပါ။

ဒေါက်တာကျော်စွာဆိုသည့် လူငယ်ဆရာဝန်ကလေးတစ်ယောက်လည်း အပြင်မှာ ရှိမနေပါ။

အပြင်မှာ ရှိနေတာ 'ကံ့ကော်'ပဲ ရှိပါသည်။

သည်စာအုပ်အတွက် ၁၉၀၀ ပြည့်လွန် မြန်မာ့ထုံးတမ်းစဉ်လာ

mgyoe.com

mgyoe.com SAMPLE BOOK

ယဉ်ကျေးမှုနှင့် လူနေမှုပုံစံအထောက်အထားများအတွက် အရေးကြီးအချက်အလက်များ ရှာဖွေစုဆောင်းပေးသည့် ဝါသနာတူ၊ တန်ဖိုးထားရာတူသော မိတ်ဆွေရင်း ကိုသက်စိုး (သက်ပိုင်စိုး ကုမ္ပဏီ)ကိုတော့ ကျေးဇူးတင်စကားလှိုက်လှိုက်လှဲလှဲဆို၍ မှတ်တမ်းတင်ချင်ပါသည်။

မေတ္တာဖြင့်
လက်ာရည်ကျော်

mgyoe.com

mgyoe.com SAMPLE BOOK

# ဒဂဝ

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

အိပ်မက်မှ နိုးလာသည်။

အနုပညာ ဖန်တီး ထုတ်လုပ်တတ်သူ တစ်ဦး၏ အိပ်မက်တို့ ထူးဆန်းတတ်သည်ကို ငယ်ရွယ်နုနယ်သေးသော အတွေ့အကြုံနှင့်ပင် သိပြီးဖြစ်သော်လည်း သည်အိပ်မက်က ထူးဆန်းလွန်းနေသည်ဟု မိန်းကလေး ထင်မိ၏။

ပထမတော့ အဲသည် အိပ်မက်အကြောင်းကို သူငယ်ချင်းတစ်ဦးဦးကို ဖုန်းဆက်၍ ပြောပြမည်ဟု စိတ်ကူးမိလိုက်သေးသည်။

သို့သော် သူငယ်ချင်းအားလုံးလိုလိုက သူ အနုပညာသမားဘဝကို ခံယူလိုက်ကတည်းက သူ့အတွေးတွေ စိတ်ကူးတွေကို ရယ်ပွဲဖွဲ့တတ်ကြသူများသာဖြစ်ကြောင်း သတိရမိတော့ မိန်းကလေး စိတ်လျှော့လိုက်ပါသည်။

အိပ်ခန်းနံရံမှာ ချိတ်ထားသည့် ပြက္ခဒိန်ပါသည့် ဒစ်ဂျစ်တယ်နာရီကို မော့ကြည့်လိုက်တော့ တနင်္ဂနွေနေ့။

ကလေးတွေဆီ သွားရဦးမည်။

mgyoe.com

mgyoe.com SAMPLE BOOK

အိပ်မက်တို့ လုံးလုံးလျားလျား ပျောက်ဆုံးနေသည့် ကလေးလေးတွေ၏ အိပ်မက်တို့ ရှင်သန်စေရေး သူတတ်စွမ်းသလောက် အနုပညာနှင့် အားပေးကူညီနေကျ နေ့ကလေးတစ်နေ့။

မိန်းကလေး အိပ်ရာပေါ်က သွက်လက်စွာ ခုန်ထ၍ အိပ်ခန်းနှင့် တွဲဖက်ထားသော ရေချိုးခန်းသို့ ဝင်သည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## ကျော်စွာ(၁)

**တာနဂ်ငွေနေ**

အလှူငွေထုပ်ကို ကျောပိုးအိတ်ထဲ ထည့်ပြီးမှ သူ အစ်မကို ဖုန်းဆက်သည်။

ထူးတော့ အစ်ကိုက ထူးသည်။

‘‘အေး...ကျော်စွာ ပြော’’

လက်ကိုင်ဖုန်းနှင့်ပြောတာမို့ သူဆက်တာ အစ်ကိုက သိနေသည်။ အစ်ကို ထူးမည်ဆိုတာသာ သူက မသိတာ။

‘‘အစ်မ မရှိဘူးလား အစ်ကို’’

‘‘အစ်မ မရှိဘူး၊ သူ့အတွင်းရေးမှူးပဲရှိတယ်၊ ပြောမလား’’

ကျော်စွာ ကြောင်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အစ်မက အသက် သုံးဆယ်ကျော်အရွယ် အထူးကုဆရာဝန်တစ်ဦး ပါ။ အတွင်းရေးမှူးတွေ ဘာတွေ ရှိစရာ သိပ်အကြောင်းမရှိ။

"ဘယ်သူလဲ အစ်ကို"

"ငါပဲလေ"

သည်တော့မှ အစ်မခင်ပွန်း အစ်ကို အလွန်အစအနောက်သန်သူ တစ်ဦး ဖြစ်တာ သတိရပြီး ရယ်မိသည်။

"အစ်မ ရေချိုးနေတာဟ၊ ပြော"

တကယ်တော့ အစ်ကိုလည်း ဆရာဝန်တစ်ဦးပါပဲ။ အစ်မထက် နည်းနည်းငယ်သည်။ ကလေးသူငယ် ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုမှာ အုပ်ချုပ်ရေး ပိုင်းတာဝန်ယူထားသူတစ်ဦးဖြစ်သည်။ အစ်ကိုနှင့် အစ်မ အိမ်ထောင်ကျတာ မကြာသေး။ နှစ်ယောက်စလုံးပျော်ပျော်နေတတ်သည်။ ပုံမှန်အလုပ်တာဝန်များ နှင့် မအားမလပ်သည့်ကြားက အားလပ်ချိန်များတွင် ပရဟိတလုပ်ငန်းများ တက်ညီလက်ညီ လုပ်အားပေးတတ်ကြသေးသည်။

အစ်မ၏ တပည့်ဖြစ်သူ အလုပ်သင်ဆရာဝန်ကလေး ကျော်စွာကလည်း သူတို့ပရဟိတလုပ်ငန်းများတွင် ဝင်၍ လုပ်အားပေးရင်း ခင်နေကြခြင်းဖြစ်သည်။

"အစ်ကိုတို့ ဒီနေ့ သင်တန်းရှိတယ် မဟုတ်လား"

"ရှိတယ်"

"ကျွန်တော် လာခဲ့မယ်။ အလှူငွေ လာပေးထားတာရှိလို့"

"ငါတို့ သင်တန်းက ခါတိုင်းလို ဂိုဒေါင်မှာ မဟုတ်ဘူးဟ၊ လှိုင်သာယာ မှာ၊ မင်း အသင်းရုံးခန်းပဲသွားပြီး သားကြီးကို ပေးထားလိုက်ပါလား"

ကျော်စွာ အံ့သြသွားသည်။

"လှိုင်သာယာကို အစ်ကိုတို့က ဘာသွားလုပ်တာလဲ"

"ကောင်လေး မှန်မှန်တော့မလာပဲ၊ အဆက်တွေပြတ်ကုန်ပြီ၊ တို့က လုပ်အားပေးတဲ့မိန်းကလေးတွေကို ပညာပေးနည်းသင်ပေးတဲ့အဆင့်ပြီးသွားပြီဟ။ အဲဒီမိန်းကလေးတွေကို တကယ့်ဘုန်းတော်ကြီးသင်ကျောင်းကို ခေါ်သွားပြီး ဟိုက အပျိုဖော်ဝင်ခါစ မိန်းကလေးတွေကို အပျိုဖော်ဝင်ချိန်သိသင့်တာတွေ သုံးလေးယောက်တစ်အုပ်စုကလေးတွေဖွဲ့ပြီး သင်ပေးမယ့်အဆင့် ရောက်သွားပြီ"

mgyoe.com

mgyoe.com SAMPLE BOOK

ကျော်စွာ ရယ်သွမ်းသွေးမိသည်။

ဟုတ်ပါရဲ့။

လုပ်အားပေးမည့် ဘွဲ့ရမိန်းမပျိုကလေးတွေကို ဆင့်ပွားကျန်းမာရေးပညာပေးနိုင်ဖို့ စာသင်ပေးကြတုန်းက သူကူလုပ်ပေးမည်ဟု ကတိပေးခဲ့သော်လည်း တစ်ခေါက်၊ နှစ်ခေါက်သာ ရောက်ဖြစ်၍ နောက်ပိုင်း ပျက်ကွက်နေခဲ့သည်ကို သတိရမိ၏။

"ဂျူတီတွေ ဆက်နေလို့ပါ အစ်ကိုရဲ့။ ဒါဆို ကျွန်တော် အဲဒီကိုပဲ လိုက်ခဲ့မယ်လေ၊ လိပ်စာပေး"

"ပြီးရော၊ မင်းကင်မရာ အကြီးတော့ ယူခဲ့"

"ကင်မရာ ဘာလုပ်ဖို့လဲ အစ်ကို"

"ဟ-ဟိုကလေးတွေကို မင်းက ရာသီလာတာတို့၊ ဘာတို့သွားသင်တော့ ရှက်ပြီး ထွက်ပြေးကြမှာပေါ့၊ မိန်းကလေးတွေပဲ လုပ်ပစေ၊ ငါတောင် ထိုင်ကြည့်နေရမှာ၊ မင်း ကင်မရာယူလာတော့ မှတ်တမ်းတင် ဓာတ်ပုံကလေး ဘာလေး ရိုက်ရတာပေါ့"

"ဟုတ်ပြီလေ၊ အစ်ကို"

အစ်ကို့ဆီက လိပ်စာရတော့ သူ ဖုန်းချလိုက်သည်။

⌘⌘

အံဆွဲထဲက သူများက လာပေးထားသော အလှူငွေထုပ်ကို ထုတ်ယူ၍ ကျောပိုးအိတ်ထဲကိုထည့်ရင်း ကျောပိုးအိတ်ထဲက နားကြပ်ကို မြင်တော့ သူ တုံ့ဆိုင်းသွားသည်။

ဟုတ်ပါရဲ့။

သူ ညက ဂျူတီကျတာ တစ်ရေးမှ မအိပ်ရသေး။ လှိုင်သာယာအထိသာ သွားရရင် နေ့လယ်လည်း ပြန်အိပ်ရမှာ မဟုတ်တော့။

သက်ပြင်းချရင်း ခေါင်းခါမိသည်။

အစ်ကို့ကို ကင်မရာယူ၍ လာခဲ့မည်ဟု ပြောပြီးနေပြီ။ ခုမှတော့ အစီအစဉ် မဖျက်ချင်တော့။

mgyoe.com

mgyoe.com SAMPLE BOOK

အလှူငွေ နောက်ကျတာ အရေးမကြီးလှသော်လည်း အစ်ကိုလည်း ယောကျ်ားကလေးအဖော် မွှော်နေလောက်သည်။ ပြီးတော့ အစ်ကို ကိုယ်တိုင်လည်း သူလစာရသော အလုပ်က တာဝန်တွေနှင့် အပတ်တိုင်း ခရီးသွားရသဖြင့် အိမ်ရေးတွေပျက်နေသည့်ကြားက အားသည့်ရက်တိုင်း သည်ပရဟိတ အလုပ်ကလေးတွေ ဆက်တိုက် လုပ်နေတတ်သူပဲလေ။

ညက အိပ်ပျက်ရတာကတော့ တန်သလိုလို၊ မတန်သလိုလို။

တန်တာကတော့ သွေးလွန်တုပ်ကွေး သွေးလန့်ပြီး ရောက်လာသည့် ကလေးသုံးယောက်စလုံး မိုးလင်းတော့ စိတ်ချရသည့်အနေအထားရောက်သွားသဖြင့် အသက်သုံးချောင်း ကယ်လိုက်နိုင်သည်ဟု တွေး၍ရတာ ဖြစ်သည်။ တခြားရောဂါတွေလည်း စုစုပေါင်းကလေးနှစ်ဆယ်လောက် တက်တာဆိုတော့ တကယ်တမ်းက အဲသည်ထက်မက။

မိုးလင်းတော့ 'ဆရာကလေးတို့လည်း ပင်ပန်းတယ်နော်' ဟုဆိုကာ လူနာရှင်တစ်ဦး ဝယ်လာပို့သဖြင့် လက်ဖက်ရည်ပူပူကလေးပင် အရသာရှိစွာ သောက်ခဲ့ရသေးသည်။

မတန်တာက ရန်လာဖြစ်သည့် လူနာရှင် တစ်ယောက်ကြောင့် ဖြစ်သည်။

သူ့ကလေးက မစိုးရိမ်ရ။ သူက စိုးရိမ်ရသည်။

သူ့ကလေး မစိုးရိမ်ရတာက သာမန် အဖျားမကျတာကို စိတ်ပူ၍ ဆေးရုံတက်လာတာမို့ ဖြစ်သည်။ သွေးလွန်တုပ်ကွေး စစ်တာလည်း မရှိ။ လူနာရှင်ဖြစ်သူ စိတ်ပူတာက အဲဒါကို ပူတာ။

သူစိုးရိမ်ရတာက သူက ဘာပြောပြော ကျေနပ်ပုံမရတာ ဖြစ်သည်။ ပါမောက္ခကြီး ပြောနေကျစကားနှင့် ပြောရလျှင် 'အနဲ့ရ'သည့် လူနာရှင်မျိုး ပေါ့။

'ဒီလိုလက်ကို ညှစ်စမ်းရုံနဲ့ သွေးလွန်တုပ်ကွေး မဖြစ်နိုင်ဘူးလို့ ဆရာတို့ အပိုင်ပြောနိုင်လို့လား'

လုံချည်တိုတိုဝတ်၍ စွပ်ကျယ်အင်္ကျီဗိုက်ထဲမှာ လက်ကိုင်ဖုန်းထည့်ထားသော ချွေးတွေသံတွေနှင့် လူကြီးတစ်ယောက်က မေးသည်။ ကလေးနှင့် ဘာတော်သည်မသိ။ အဖေတော့ မဟုတ်။ ကလေးအဖေက ဘေးမှာရှိနေသည်။ ကလေးသာသာရုပ်။ ဆံပင်ကိုငယ်ထိပ်တစ်ကွက်ပဲ လိမ္မော်ရောင်ကွက်ဆိုးထားပြီး နားကပ်အမည်းအကြီးကြီး ပန်ထားသည်။ သူလည်း အိမ်မှာဘာမှတော့

mgyoe.com

mgyoe.com
SAMPLE BOOK

ပြောရေးဆိုခွင့်ရသည့်ပုံ မပေါ်။ ကလေးအမေက သူ့ထက် ငယ်သေးသည်။ တီရှပ်နှင့် ဘောင်းဘီတိုနှင့်။

'ရာနှုန်းပြည့်တော့ မပြောနိုင်ဘူးပေါ့ဗျာ၊ ဒါပေမဲ့ သွေးလွန်တုပ်ကွေး ဟုတ်တာ မဟုတ်တာထက် သွေးပေါင်ကျတာ မကျတာက ပိုအရေးကြီးပါတယ်။ အခု သွေးပေါင်ချိန်ထားတာ ကောင်းနေတာပဲ။ ပါရာစီတမောနဲ့ ဓာတ်ဆားရည် တိုက်ပြီး စောင့်ကြည့်ရုံပါပဲ'

သူလည်း အတတ်နိုင်ဆုံး စိတ်ရှည်ရှည်ထား၍ ရှင်းပြသည်။ ကလေး အထူးကုဘွဲ့လွန်ကျောင်းသူ အစ်မနှစ်ယောက်က တကယ်သွေးလန့်နေသော ကလေးသုံးယောက်နှင့် ခေါင်းမှ မဖော်နိုင်ကြရှာ။

'သွေးပေါင်က ၉၀-၆၀ ဆိုတာ ကျတာမဟုတ်ဘူးလား။ မနေ့က ဆေးခန်းမှာ ချိန်တော့ ၁၀၀-၇၀ တဲ့'

''ကလေးသွေးပေါင်က ဂဏန်းနဲ့ ဆုံးဖြတ်ရတာ မဟုတ်ပါဘူး။ အပေါ်သွေး အောက်သွေး ဘယ်လောက် ဟသလဲနဲ့ ကြည့်ရတာပါ။ ၁၀၀-၇၀ နဲ့ ၉၀-၆၀ က အတူတူပါပဲ''

ထိုလူကြီးက သူရှင်းပြတာကို မနှစ်မြို့ဟန်နှင့် မျက်နှာတစ်ဖက်သို့ လွှဲသည်။ ပြီးတော့ ဆတ်ခနဲ ပြန်လှည့်၍ မေးသည်။

'ဒါ အကြီးဆုံးပါမောက္ခကြီးရဲ့အဆောင် မဟုတ်ဘူး၊ သူ ဘယ်အချိန်လောက် လာကြည့်မလဲ''

ဆရာကြီးရေ၊ ဆရာကြီး ပြောတဲ့အနံ့စစ်စစ်ပဲခင်ဗျာဟု စိတ်ထဲက ရေရွတ်မိသည်။

'ဆရာကြီးက ညဘက် မလာပါဘူး။ လူနာ အရေးကြီးရင် ကျွန်တော်တို့ အဆင့်ဆင့် ဖုန်းဆက်ရပါတယ်၊ ဆရာကြီးအောက်မှာ နှစ်ဆင့်လောက် ရှိပါသေးတယ်'

'ဒါဆိုလည်း ဆက်လေ၊ ဒီမှာ အဖျားမှ မကျတာ၊ ဆေးတိုက်ပြီး လည်း ကျရင် ခဏပဲ၊ ပြန်ပြန်တက်နေတာ အကြီးတစ်ယောက်ယောက်ကို တော့ ပြောမှပေါ့'

မင်းလောက်ငယ်တဲ့ ဆရာဝန်ကိုတော့ မယုံနိုင်ဘူးဟု ထည့်ပြော ထည့်လိုက်သလို။

ကျော်စွာကလည်း ကျော်စွာ။

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်သင်ဆရာဝန်သာ ဖြစ်နေသည်။ အသက်က ၂၃ နှစ်။ ပေါင်ချိန်က ၁၂၀လောက်။ ဘယ်လိုမှ လူနာရှင် အထင်ကြီးစရာ ပုံမပေါက်။ နောက်ဆုံး ခေါင်းကုတ်၍ ဘွဲ့လွန်သင်တန်းသူ မမတစ်ယောက်ကို သွားပြောရသည်။

ဘွဲ့လွန်သင်တန်းသူ မမက စိတ်အေးအေးထားတတ်သူမို့ ရယ်သာရယ်သည်။

'ဟဲ့–ဆရာကြီးက နေပြည်တော်မှာ၊ မနက်ကပဲ ဖုန်းဆက်ခေါ်လို့ တက်သွားရတယ်။ အညာက ကြက်ခြံမှာ ကြက်ငှက်တုပ်ကွေးပိုးတွေ့လို့ ဆိုလားပဲ။ ရှိလည်း သူ့ကလေးက ဘာမှမ ဖြစ်တာ။ ဒီလောက်နဲ့သာ အကြီးဆုံး ဆရာကြီးခေါ်ရရင် ဆရာကြီးတစ်အိမ်လုံး ပြောင်းလာနေမှ ရမှာပေါ့။ ဒီလိုလုပ်၊ အပြင်ဆေးခန်းမှာ NS 1 အားချင်း စစ်ခိုင်းလိုက်။ အဲဒါ မတွေ့ရင် သူ စိတ်အေးသွားမှာ"

မမက ယခုကလေးတင် သူ့အကြောဆေးပိုက်ထိုးထည့်ပြီးသွားသော ကလေးတစ်ယောက်၏လက်ကို ပတ်တီးစည်းပေးနေရင်းက ပြောသည်။

ကျော်စွာ စောစောက လူကြီးကို ပြန်ပြောသည်။ သိပ်တော့ ကျေနပ်ပုံမပေါ်။ သို့သော် ပိုက်ဆံအိတ်ကြီးကို ကောက်ကိုင်၍ 'ဘယ်ကိုသွားပို့ရမှာ လဲ ပြော' ဟုဆိုသည်။

ပုလင်းသွားတောင်းရမည့် ဆေးခန်းလိပ်စာကိုပေးပြီး ပြန်လှည့်ထွက်လာတော့ 'အလကားပါကွာ၊ အစိုးရသာ ပြောင်းသွားတယ်။ ဒီကောင်တွေ ဘာမှ မပြောင်းလဲဘူး' ဆိုသည့် အသံသဲ့သဲ့ကို ကြားဖြစ်အောင် ကြားလိုက်ရသေးသည်။

ဒါနှင့်ပဲ ညက မအိပ်လိုက်ရတာ မတန်ဘူးဟု ပြောရတာဖြစ်သည်။

အထွေထွေ မကျေနပ်မှု။

စနစ်ဆိုးတစ်ခုပြီး စနစ်ဆိုးတစ်ခုဆက်နေလိုက်တာ နှစ်ပေါင်းငါးဆယ်လောက်ကြာတော့ လူအများစု၏ နေ့စဉ်ဘဝတွေက ဘာမှ အဆင်မပြေတော့ဘဲ လူ့သက်တမ်းကုန်လွန်ကြရသည်။

မိုးလင်းလာကတည်းက မီးလာရဲ့လား၊ ရေလာရဲ့လားက စစိတ်ပူရသည်။ အလုပ်သွားဖို့ကားရပါ့မလား၊ အချိန်မီရောက်ပါ့မလား စိတ်ပူရသည်။ အလုပ်မှာ နိုင်သည့်ဝန်ပဲ ထမ်းရမှာလား၊ မနိုင်သည့်ဝန်ပါထမ်းရမှာလား

mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ပူရသည်။ ကံမကောင်းလျှင် မဆိုင်သည့်ဝန်ပါ ထမ်းရသေးသည်။ အဲသလောက် ထမ်းရသော်လည်း ရလာသည့်ဝင်ငွေက မိသားစုတွေ၏ စားဝတ်နေရေးကို တာဝန်မယူနိုင်ပြန်။ တစ်နေ့ထမင်းစားဖို့ကို တစ်နေ့ ဖြေရှင်းကြ ရသူတွေက များသည်။

ကြိုးတန်းပါးပါးကလေးမှာ လမ်းလျှောက်နေရသူတွေလို။ လေတိုး၍ မရ။ ခြေယိုင်၍ မရ။

ကလေး နေမကောင်းဘူးဆိုတာ လေတိုးတာ၊ ခြေယိုင်တာထက် ဆိုးတာတွေ ကြုံရမည်။

နှစ်ပေါင်းငါးဆယ်လောက် လူတွေသန်းနှင့်ချီ ကြိုးတန်းလျှောက်ခဲ့ ကြရသော်လည်း အဖိတ်အစဉ်က များသင့်သလောက် မများ။ ဒုက္ခရောက်ကြ သည့် သူတွေထဲမှာ ပညာရှင်တွေနှင့် သူတို့မိသားစုတွေလည်း ပါခဲ့ကြသော် လည်း မြန်မာပြည်ထုံးစံက ပညာရှင်သည် သူများထက် အားသာသူ ဖြစ်၍ သူများကို ဖေးကူရမည်ဆိုသည့်ခံယူချက် ပညာရှင်အများစုမှာ ရှိကြသည်။

စက်မှုနိုင်ငံတစ်ခုမှာ ဆေးရုံတက်လျှင် ဆေးရုံက သူပေးနိုင်တာကို ပေးမည်။ အများစုကို လူနာရှင်နှင့် သူ့အာမခံကုမ္ပဏီကိုတောင်းမည်။ ဘယ်ကမှ မရနိုင်လျှင် ဆရာဝန်ကိုယ်တိုင်ကတော့ ထွက်အလှူခံနေမှာမဟုတ်။ သည်မှာက ပါမောက္ခကြီးမှ အစပြု၍ သူတို့ ဆရာဝန်အငယ်ကလေးတွေ အဆုံး အလှူလည်း ခံကြသည်။ ကိုယ်တိုင်လှူတာလည်း ရှိသည်။ 'လုပ်ပေးစရာ ဘာမှ မရှိဘူးဗျာ' ဆိုသည့် စကားမျိုးကို ဘယ်သူမှ ပြောမထွက်ကြ။

လူမှုကွန်ရက်ပေါ် သွားကြည့်လျှင်တော့ ဆရာဝန်တွေကို သတ်မလို ဖြတ်မလို ကြိမ်းဝါးသံတွေ ညံနေသည်။

ဒါလည်း သဘာဝကျပါသည်။

လူဆယ်ယောက်မှာ တစ်ယောက်တော့ ဆရာဝန်တစ်ယောက်ယောက် ကို တစ်ခုခုမကျေနပ်တာမျိုး ဖြစ်ခဲ့ဖူးမှာပေါ့။ အဲသလောက်ဖြစ်ဖို့ ဆိုတာကလည်း ဆရာဝန်တစ်ထောင်မှာ တစ်ယောက်လောက် ဆရာဝန်မပီသရုံနှင့် ဖြစ်နိုင်သည့် ကိန်းဂဏန်းမျိုး။

ဆရာဝန်တွေလည်း ကိုယ့်လိုပဲ ရုန်းရင်း ကန်ရင်းက သူများအတွက် ငဲ့ပေးနေရသည့် သူတွေပဲဟု သဘောပေါက်သူ ကိုးယောက်က ဘာမှ ပြောမှာ

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်။ စောစောက မကျေနပ်သည့် တစ်ယောက်ပဲ လူမှုကွန်ရက်ပေါ် တက်လာမှာလေ။

ပါမောက္ခကြီးလည်း သူတို့ သည်ဆေးရုံစရောက်ရောက်ချင်း ဩဝါဒ ပေးတော့ ထည့်ပြောခဲ့သည်။

ကျေးဇူးမတင်တတ်သူတွေကိုကြည့်ပြီး စိတ်ဓာတ် မကျနဲ့တဲ့။ ကျေးဇူးတင်တတ်သူတွေက လာပြောနေမှာ မဟုတ်ဘူးတဲ့။ မြန်မာ လူနာတွေကို မြန်မာဆရာဝန်တွေမှ မစောင့်ရှောက်ရင် ဘယ်နိုင်ငံက ဆရာဝန်မှ မြန်မာပြည်လာ အလုပ်လုပ်ပေးမှာ မဟုတ်ဘူး ဆိုတာ မမေ့နဲ့တဲ့။

ကိုယ့်ကိုယ်ကိုယ်လည်း သိပ်သနားမနေနဲ့တဲ့။ ကိုယ့်ထက်ဆိုးသူတွေ အများကြီးတဲ့။ ကျောင်းဆရာ အများစု ဝေးလံခေါင်ဖျားဒေသတွေမှာ အမျိုးမျိုး အနစ်နာခံ လုပ်ပေးနေပေမယ့် သူတို့လည်း အကောင်းပြောခံရတာ မဟုတ်ဘူးတဲ့။

ပြီးတော့ ဆရာဝန်ဖြစ်ခွင့်မရပေမဲ့ ဆရာဝန်တွေက လူနာတွေကို လုပ်ပေးနိုင်တာမျိုး လုပ်ပေးချင်နေတဲ့ ဆရာဝန် မဟုတ်တဲ့ စေတနာရှင်တွေက ဆရာဝန်တွေကို အားကျ နေတယ်ဆိုတာ မယုံ မရှိနဲ့တဲ့။

သတင်းစာခေါင်းကြီးပိုင်းထဲကလို စကားလုံးတွေ မပါဘဲ လက်တွေ့ ဆန်ဆန် စကားလုံးတွေနှင့် ပြောတတ်သည့် ပါမောက္ခကြီး၏ ဩဝါဒက တစ်သက်လုံး ဆရာဝန်လုပ်ရမှာကို တွေဝေအားငယ်နေသော သူတို့ ဆရာဝန် ကလေးတွေ၏ အမြင်ကို ကြည်လင်စေခဲ့ဖူးသည်။

ဒါကြောင့်လည်း မနေ့ညက အဖြစ်အပျက်ကို စိတ်မတိုဘဲ ဖြတ်သန်း နိုင်ခဲ့တာ ဖြစ်သည်။

မိုးလင်းတော့ ထိုကလေး အဖျားမကျသေး။ သွေးအဖြေကတော့ ကောင်းနေသည်။ အသက်အန္တရာယ် စိတ်ပူရသော ကလေးတွေလည်း အားလုံး ကောင်းသွားသည်။

ဒါက တန်သည့်အပိုင်း။

ကိုင်း…

လှိုင်သာယာကို ချီတက်မည်။

ကျော်စွာ ကျောပိုးအိတ်ကို လွယ်၍ ကန်ထရိုက်တိုက်ခန်းအတွင်း လှေကားကနေ မီးဖိုချောင်ရှိရာ အောက်ထပ်သို့ ဆင်းခဲ့သည်။

⁂

mgyoe.com

မီးဖိုချောင်ထဲမှာ မေမေက ကော်ဖီဖျော်နေသည်။

မျက်နှာ သိပ်မကောင်း။

ဧည့်ခန်းပြတင်းပေါက်ဘက်ကနေ ယောကျာ်းကြီးနှစ်ယောက် အော်ကြီးဟစ်ကျယ် လုပြောနေသော စကားသံတွေ ဝင်လာနေသည်။ စကားလုံး မသဲကွဲသော်လည်း ရန်ဖြစ်နေကြတာတော့ သေချာသည်။

သူက မီးဖိုချောင်ထဲက ထမင်းစားစားပွဲမှာ ဝင်ထိုင်တော့ မေမေက ပဲပြုတ်နှင့် ထမင်းကြော်ပန်းကန် ချပေးသည်။ ကော်ဖီတစ်ခွက်လည်း ချသည်။

"ဘာတွေ ဖြစ်နေတာလဲ မေမေ"

မေမေက ပခုံးတွန့်ပြသည်။

"ထုံးစံအတိုင်းပေါ့၊ မြေရှင်နဲ့ အခန်းဝယ်ထားတဲ့ တစ်ယောက် ဖြစ်နေကြတာ"

ကျော်စွာ သက်ပြင်းချမိသည်။

သူတို့တိုက်ခန်းက တော်တော်တန်ဖိုးရှိသော မြေကွက်တစ်ကွက်ပေါ် မှာ မြေဈေးတွေ ယခုလောက် မတက်ခင်က ကန်ထရိုက်တိုက်တွေခွဲ ဆောက် ၍ အပျောက်စနစ်နှင့် ရောင်းချထားသောတိုက်ခန်းတွေ ဖြစ်သည်။

အဲသည်အချိန်က ကွန်ဒိုဥပဒေလည်း မပေါ်သေး။ တိုက်ခန်းတစ်ခန်း ကို သိန်းရာဂဏန်းသာ ပေးရသည်။ ယခုက ထောင်ဂဏန်း။ မြေရှင်အနေနှင့် အရောင်းအဝယ်ဖြစ်တိုင်း ရာခိုင်နှုန်းနှင့် ရသဖြင့် ဝင်ငွေ မဆိုးလှသော်လည်း အဲသည်တုန်းကသာ မြေကို သည်အတိုင်း ကိုင်ထားခဲ့လျှင် ယခု ရနိုင်သည့် ငွေပမာဏက တွက်ကြည့်လျှင် နှမြောစရာ။

နှမြောသည့် စိတ်က ဒေါသ ဖြစ်လာသည်။ အဲသည် ဒေါသက တိုက်ခန်းဝယ်နေသူတချို့နှင့် လာငြိသည်။ လုံခြုံရေးဝန်ထမ်းကိစ္စ၊ ကားရပ်နား စရာနေရာကိစ္စ၊ အမှိုက်ကိစ္စ၊ ရေကိစ္စ၊ ငြိစရာကိစ္စတွေကလည်း များလှသည်။

ခက်တာက ပြီးခဲ့သည့် နှစ်ပေါင်းငါးဆယ်လောက်လုံးလုံးမှာ ချမ်းသာ ခဲ့သူတွေသည် မိဘွေဖမွေ ထုထည်ကြီးကြီး ခံစားခွင့်ရသူတွေနှင့် အာဏာပိုင် တွေနှင့် ပေါင်းစပ်တတ်သူတွေသာ များခဲ့ပြီး ပညာရပ်တစ်ခုခု၊ အသက် မွေးဝမ်းကျောင်းတစ်ခုခုကို အောင်မြင်အောင် လမ်းဖောက်နိုင်၍ ချမ်းသာလာ သူက မရှိသလောက်ဖြစ်သည်။ တိတိကျကျဆိုရသော် လက်ထဲရှိတာ ကုန်လျှင် သို့မဟုတ် ကိုယ်ပေါင်းထားသူ ရာထူးအာဏာ

mgyobe.com

mgyoe.com SAMPLE BOOK

မရှိတော့လျှင်၊ ဘာဆက် လုပ်ရမှန်း မသိတော့သည့်သူတွေချည်းသာ။

သည်တော့ လက်ထဲရှိတာကလေးကို လျော့ပါးမှာ စိုးရိမ်သည်။ အဲသည် စိုးရိမ်စိတ်က ဒေါသ ဖြစ်လာသည်။ အဲသည် ဒေါသကို ပြန်ချုန်းအုပ်နိုင်ဖို့ ဆင်ခြင်တုံတရားက အဲသည် လူတွေမှာ အားနည်းကြပြန်သည်။

ကျော်စွာ ဧည့်ခန်းပြတင်းပေါက်နား မသိမသာ ကပ်သွား၍ အောက်ကို ချောင်းကြည့်သည်။

တီရှပ်ကို ရွဲသောမိုက်အပေါ် ချဝတ်ထားပြီး ခြေသလုံးမွေးထူထူ ခြေထောက်နှစ်ချောင်းထွက်နေသည့်ဘောင်းဘီတိုပေါ်မှာ လက်ကိုင်ဖုန်းချိတ်ထားပြီး ခါးထောက်စကားပြောနေသည့် အသက်လေးဆယ်ခန့် လူကို တွေ့ရသည်။ မှတ်မိပြီ။ မြေရှင့်သားပေပဲ။ သူနှင့် အချင်းများနေသည့် အန်ကယ်ကြီးကတော့ အသက် ၇၀ လောက်ရှိပြီ။ ဆံပင်တွေ တစ်ခေါင်းလုံး ဖြူလို့၊ စွပ်ကျယ်နှင့် လုံချည်တိုကို ဝတ်ထားသည်။

မေမေ အနားရောက်လာတော့ သူ တိုးတိုးမေးသည်။

"မြေရှင်လည်း မဟုတ်ဘူး၊ သူ့သားပဲ"

"ဟဲ့…မြေရှင်က သေတာ လပိုင်းပဲရှိသေးတယ်၊ ဖေဖေနဲ့ မေမေတောင် အသုဘလိုက်ပို့ကြသေးတယ်။ သားက ဂျူတီတွေနဲ့ ရှုပ်နေလို့ မသိလိုက်တာ။ သူ့ကလေးတွေက အများကြီးကျန်ခဲ့တော့ ဒီခြံကို အမွေခွဲချင်နေကြတာတဲ့"

ကျော်စွာ မျက်လုံးပြူးသွားသည်။

"တိုက်ခန်းတွေ အများကြီးခွဲဆောက်ပြီးရောင်းထားတာ ဘယ်လိုလုပ်အမွေခွဲမှာလဲ"

"မသိဘူး သားရယ်၊ အဲသလို ကြားတာပဲ"

ကျော်စွာက ထမင်းစားပွဲကို ပြန်လာထိုင်၍ ပဲပြုတ်နှင့်ထမင်းကြော်စ စားသည်။

"ရောင်းပြီး မြို့ပြင်ဘက်မှာ အိမ်နဲ့ခြံသေးသေးကလေးဝယ်ပြီး သွားနေကြရအောင် မေမေရာ"

"အမလေး သားထက်တောင် မေမေကနေချင်သေးတယ်။ မေမေက ငယ်ငယ်က နယ်မှာ ခြံအကျယ်ကြီးနဲ့၊ သစ်ပင် ပန်းပင်တွေ အများကြီးနဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

နေခဲ့တာ၊ သားတို့ မြို့လယ်ကောင်ကို မွန်းကျပ်လွန်းလို့။ ဒါပေမဲ့ ဖေဖေက ရှေ့နေ၊ သားက ဆရာဝန်၊ လူစည်ကားတဲ့ နေရာမှာ အလုပ်ဆင်းရမယ့် သူချည့်ပဲ။ မြို့ပြင်ကနေ နေ့တိုင်း အလုပ်ဆင်းရင် ဒီသုံးလေးနှစ် လမ်းတွေ ပိတ်လာတဲ့ ပုံစံနဲ့ဆို မနက်ဆို ငါးနာရီ အိမ်ကထွက်ပြီး ညကိုးနာရီလောက်မှ အိမ်ပြန်ရောက် ကြမှာလည်း မမေ့နဲ့ဦး''

ကျော်စွာ သက်ပြင်းချသည်။

''မသိတော့ဘူး မေမေရာ''

ဿဿ

အလုပ်သင်ဆရာဝန်လစာ တစ်သိန်းက ကုန်ခါနီးနေပြီ ဖြစ်သော်လည်း လိုင်သာယာကို အငှားယာဉ်နှင့်ပဲ သွားဖို့ ကျော်စွာ ဆုံးဖြတ်လိုက်ရသည်။

တနင်္ဂနွေ မနက် ဖြစ်သော်လည်း ကားလမ်းမှန်သမျှက ပိတ်နေပြီး ကားတွေက လမ်းပေါ်မှာ ဘီးတစ်ပတ်ချင်း လိမ့်နေတာကိုး။

အငှားယာဉ်တွေက ထုံးစံအတိုင်း လမ်းပြောင်းပြန်တက်မောင်း၍ လုကျော်တက်ကြသည်။ မီးဝါကို လုမောင်းကြသည်။ စည်းကမ်းမရှိတာ မကောင်းသော်လည်း လက်ရှိ စည်းကမ်း မရှိသူက ခရီးရောက်နေသည်မို့ သူတို့ကို ရွေးလိုက်တာပဲ လိုရာခရီးရောက်ဖို့ အသေချာဆုံး ဖြစ်နေသည်လေ။

ဿဿ

ကျော်စွာ ကံကောင်းသည်ပဲ ပြောရမလား၊ ကံဆိုးသည်ပဲ ပြောရမလား မသိ။ ကျော်စွာ ငှားမိသည့် အငှားယာဉ် မောင်းသူက စည်းကမ်းရှိသူ ဖြစ်နေသည်။

သူက စည်းကမ်းရှိလည်း သူများက စည်းကမ်းမရှိတော့ ဦးစားပေး ရသောလမ်းတွေမှာလည်း သူများတွေကသာ လုဝင်ကြသဖြင့် လိုရာခရီးက မရောက်နိုင်။

ဘတ်စ်ကားကြီးတွေက အဆိုးဆုံး။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒီကားလိုင်းတွေက အာဘတွေနဲ့ အမြဲပတ်သက်နေတာဗျ။ ရဲကလည်း သူတို့ဆို မဖမ်းရဲဘူး"

မောင်းရင်းက ယာဉ်မောင်းက မြည်တွန်တောက်တီးသေးသည်။ 'အာဘ'တွေ ဆိုတာက မကြာသေးခင်က ရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားသည့် စစ်ဗိုလ်ချုပ်ကြီးများ၊ စစ်ဗိုလ်ချုပ်ဟောင်းကြီးများနှင့် ရင်းနှီးဆက်နွယ်သူတွေကို ဆိုလိုဟန်ရှိသဖြင့် သည်ယာဉ်မောင်း အနည်းဆုံးတော့ သူနှင့်နိုင်ငံရေးအမြင်တူဟန်ရှိသည်ဟု တွေးမိပြီး ကျော်စွာအပျင်းပြေ စကားလက်ဆုံကျလိုက်သည်။

အရပ်က ငါးပေ မပြည့်တပြည့်၊ လူပုံကသန့်သန့်၊ စကားပြောက မွန်မွန်ရည်ရည်နှင့် ထင်ထားသည့်အတိုင်း ဘွဲ့ရပညာတတ်တစ်ဦး ဖြစ်နေသည်။

ပြည်သူ့အစိုးရ တက်လာတော့ ဘာထူးသွားသလဲဆိုသည့် မေးခွန်းကို သူက ရယ်သွမ်းသွေး၍ 'ထိုင်ခုံခါးပတ် ပတ်ရတာရယ်၊ သံတုတ်ပါသွားတာရယ်ပဲ ထူးတာပါပဲဗျာ' ဟု ဖြေသည်။

"သံတုတ်၊ ဟုတ်လား"

ကျော်စွာ မျက်လုံးပြူးသွားသည်။

သည်တစ်ထောင့်တစ်ထွာလောက်ရှိသည့် ဘွဲ့ရပညာတတ် မွန်မွန်ရည်ရည် အငှားယာဉ်မောင်းကလည်း သံတုတ်ဆောင်သည် ဆိုပါလား။

ယာဉ်မောင်းက ရယ်သည်။

"ဒီလောကက မရဘူး ညီလေးရဲ့၊ ကိုယ်ကသေးသေးလေးဆိုပေမယ့် သေးလို့ ငြိမ်ခံရင် ကြေသွားမယ်။ လိုရင် ထွက်တီးရမှာပဲဆိုပြီး ဘေးမှာ သံတုတ် အဆင်သင့်ဆောင်ထားတာ။ အစိုးရသစ်တက်ပြီး မကြာပါဘူး၊ ရဲတွေ 'ဆပ်ပရိုက်ချက်'လုပ်တော့ ပါသွားရော။ တော်ပါသေးရဲ့။ 'အစ်ကို သိမ်းလိုက်ပြီနော်'လို့ ကောင်းကောင်းမွန်မွန်ပြောယူသွားကြတာ၊ ဖမ်းလည်း ခံရမှာပဲ"

ဘုရား ဘုရား။

အငှားယာဉ်မောင်း လောကအကြောင်း ပြောနေတာလား။ အမေရိကန်ပြည်တွင်းစစ်မတိုင်မီ ၁၈ ရာစု ကောင်းဘွိုင်တွေကြီးစိုးသော လောကအကြောင်းပြောနေတာလား။ ၁၉၃၀ စီးပွားပျက်ကပ်အတွင်းက အမေရိကန် လူဆိုးဂိုဏ်းတွေအကြောင်း ပြောနေတာလားပင် ဝေခွဲရခက်လှသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ခက်တာက အဲသည်လောကထဲမှာ သူတို့အငှားယာဉ်မောင်းတွေချည်းပဲ ရှိနေတာမဟုတ်။ အဲသည် ယာဉ်တွေကို ငှားစီးနေကြသည့် ကျော်စွာတို့လို အလယ်အလတ်တန်းစား သာမန်ပြည်သူလူထုတွေပါ ကျင်လည်နေရတာ ဖြစ်သည်။ ပြည်သူတွေ ဘဝမှာတော့ သံတုတ်လည်း မဆောင်နိုင်။

ရဲကလည်း ဖြစ်ဖြစ်ချင်းတော့ ရောက်လာစရာ အကြောင်းမမြင်။ ကိုယ်ကိုးကွယ်ရာ ယုံကြည်ရာ ဘာသာမှာ ကိုယ့်ကိုယ်ကိုယ် အန္တရာယ်ကင်းစေကြောင်း မှန်မှန်ဆုတောင်းကြရုံသာရှိမည် ထင်သည်။

ကျော်စွာတို့ထက် နည်းနည်း ပိုချို့တဲ့သည့် ဘတ်စ်ကားစီးပြည်သူတွေဘဝက ပို၍များ ဆိုးလေမလား မသိ။ ခရီးသည်ကို ဘတ်စ်ကား စပယ်ယာနှင့် ဒရိုင်ဘာက ဝိုင်းရိုက်သည့်သတင်းပင် ကြားမိတာ မကြာသေး။

ဒါတောင် ကိုယ်က ယောကျ်ားကလေး။

ယောကျ်ားကလေးတွေနှင့် ရင်ပေါင်တန်း၍ မိန်းကလေးတွေ အလုပ်လုပ်နေကြသောခေတ်မှာ သူတို့တစ်တွေ ဘယ်လိုများ သွားလာနေကြပါလိမ့်။

သိပ်မကြာသေးခင်ကပဲ ခရီးသည်မိန်းကလေးကို အငှားယာဉ်မောင်းက လက်ကိုင်ဖုန်းနှင့် အပြာကား လှမ်းပြသည့်သတင်း ဖတ်လိုက်ရသေးသည်။

'ကမ္ဘာပေါ်မှာ အလှဆုံးတိုင်းပြည်၊ ကမ္ဘာပေါ်မှာ အယဉ်ကျေးဆုံးတိုင်းပြည်၊ ကမ္ဘာပေါ်မှာ နေချင်စရာ အကောင်းဆုံး တို့တိုင်းပြည်။

အာဏာရှင်အစိုးရခေတ်က အစိုးရကြိုက် ရေးခဲ့၊ လွှင့်ခဲ့သော သီချင်း တစ်ပိုင်းတစ်စကိုပင် သတိရမိသေးသည်။

ယခု မကောင်းတာတွေကို မကောင်းသည့်အတိုင်း လွတ်လွတ်လပ်လပ် ပြောခွင့်၊ ရေးခွင့် ရလာသည့်ခေတ်မှာ အဲသည် တေးရေးဆရာနှင့် အဆိုတော် ဘယ်လို ပြောကြမည်ဆိုတာ သိချင်စမ်းပါဘိ။

သည်မနက်အဖို့ ဘယ်နှကြိမ်မြောက်မှန်း မသိသော သက်ပြင်းကို ချမိပြန်သည်။

ꩮꩮ

ဘုန်းကြီးကျောင်းရောက်တော့ မျက်စိအေးစရာ ရှုခင်းကို စိတ်ချမ်းသာစွာ တွေ့ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အစ်မနှင့် အသက်အစိတ်သုံးဆယ်အရွယ် မိန်းမပျိုဆယ်ယောက်ခန့်က ဆယ်ကျော်သက်အရွယ် မိန်းကလေးတွေကို တစ်ယောက်လျှင် သုံးယောက် စီလောက် အုပ်စုတွေခွဲ၍ ရင်းရင်းနှီးနှီး ရှင်းပြဆွေးနွေးနေကြသည်။

မိန်းမပျိုကလေးတွေမျက်နှာကလည်း မေတ္တာကြောင့် ကြည်လင်နေကြသည်။ ဆယ်ကျော်သက်မိန်းကလေးတွေကလည်း ဝတ်စားထားတာ နွမ်းပါးပေမင့် သန့်သန့်ရှင်းရှင်း ချစ်စဖွယ်ကလေးတွေ ဖြစ်နေသည်။

ဘုန်းတော်ကြီးသင်ကျောင်းဆိုတော့ ဆရာတော်ဘုရားများ၏ စောင့်ရှောက်မှုအောက်မှာ ပရဟိတစိတ်ဓာတ်ရှိသူ လူငယ်တွေ ဝင်ကူကြတာ ပေါ့။ မြင်ကွင်းက ကျက်သရေရှိတာ မဆန်း။

ဆန်းတာက သည်လို၊ လုပ်ငန်းကလေးတွေနှင့် တိုင်းပြည်အစိုးရ အဆက်ဆက် ဘယ်တုန်းကမှ မချိတ်မိခဲ့သလို ယခုလည်း မချိတ်မိသေး တာပဲ ဖြစ်သည်။

အစ်မက ပင်နီရင်ဖုံးအင်္ကျီ၊ ပင်နီသားလုံချည်ကလေးနှင့် တစ်ဝိုင်း ပြီး တစ်ဝိုင်း လိုက်ကြည့်နေသည်။

အစ်ကိုက ပင်နီ လက်တိုအင်္ကျီ၊ ရှမ်းဘောင်းဘီနှင့် ကျောင်းလှေကား က ဆင်းလာသည်။

ပထမတော့ သူ့ကိုလာကြိုတာလားဟု သူအနေရခက်သွားသေးသည်။ နောက်တော့မှ အငှားယာဉ်မောင်းကို လက်ပြနှုတ်ဆက်၍ ထွက်ခွာသွားသည်။

"အစ်ကိုက အဲဒီလူကို သိလို့လား"

"သိတယ်၊ သူက အစက အမျိုးသား သူနာပြု အကူကွ၊ ငါနဲ့ အစ်မရဲ့ဆရာအိမ်မှာ နေဖူးတယ်"

"အစ်ကိုနဲ့ အစ်မရဲ့ဆရာ၊ ဘယ်သူ့ကို ပြောတာလဲ"

"မင်း ပါမောက္ခကြီးကို ပြောတာပေါ့၊ ကဲပါ၊ မင်း ငါမှာတာရော ပါရဲ့လား"

"ဒါကို ပြောတာလား"

ကျော်စွာက ကင်မရာကို ထုတ်ပြသည်။

"အေး-ဟုတ်တယ်။ ကိုင်း-လိုက်ရိုက်ကွာ။ ထုံးစံအတိုင်း ဖေ့စ်ဘုတ် တင်ရအောင်"

"အဲဒါဆို အစ်ကို ကျောင်းအောက်မှာနေ"

mgyoe.com

mgyoe.com
SAMPLE BOOK

"ဘာဖြစ်လို့လဲ"

"အစ်မနဲ့ မိန်းကလေးတွေချည်းပဲဆို 'လိုက်'တွေ အများကြီးရမှာ၊ အစ်ကိုပါရင် ရမှာ မဟုတ်ဘူး"

"ခွေးကောင်လေး ငါ့လာနှိပ်ကွပ်နေတယ်၊ ငါပါ ငါ့မိန်းမနားမှာ ရပ်ချင်လို့ မင်း ခေါ်ရိုက်တာပေါ့ဟ"

အစ်ကို စိတ်မဆိုးမှန်းသိ၍ ကျော်စွာလည်း အော်ရယ်နေမိပါသည်။

ဒစ်ဂျယ်တယ်ကင်မရာ ဖြစ်သော်လည်း တမင် ထည့်ထားသဖြင့် ခလုတ်နှိပ်သံက အကျယ်ကြီး အကျယ်ကြီး မြည်သည်။

ကင်မရာ၏ 'ဟစ်ဒစ်စ်'ထဲသို့ မိန်းမပျိုများက မိန်းကလေးငယ်များကို ရှင်းပြ ဆွေးနွေးနေပုံတွေ တစ်ပုံပြီး တစ်ပုံ ဝင်လာသည်။

ဘုန်းကြီးကျောင်းသခ်မ်းထဲ လှည့်ပတ်ရိုက်နေရင်းက နေရောင်နှင့် မျက်နှာချင်းဆိုင်နေရာမှာ ရပ်မိသွားတော့ ကင်မရာ မြင်ကွင်းထဲက မိန်းမပျို တွေ မျက်နှာ မမြင်ရတော့။ မည်းကုန်သည်။

နေရာ ပြန်မရွှေ့ခင် ကျော်စွာ ယောင်ယမ်း၍ နေရောင်တည့်တည့် ကျရာ ဟိုဘက် ဇရပ်တစ်ခုဆီသို့ ကင်မရာလှည့်၍ ချိန်ကြည့်မိသည်။

အလို...

သူ ယောင်ယမ်း၍ ကင်မရာကို အောက်အနည်းငယ်ချပြီး သဘာဝ မျက်လုံးနှင့် ပြန်ကြည့်သည်။

ဝေးနေသည်။

သဲသဲကွဲကွဲ မမြင်ရ။

ကင်မရာကို ပြန်မြှောက်ချိန်သည်။ ကင်မရာရှေ့တွင် တပ်ထားသော ဇွမ်းကို အနီးဆုံးသို့ ဆွဲချိန်သည်။

မြင်ကွင်းက ပြတ်သားလာသည်။

အသက်နှစ်ဆယ်ကျော် မိန်းမပျိုကလေးတစ်ဦး။

ချည်ထည် ရင်ဖုံးအင်္ကျီရိုးရိုးကလေးနှင့် ချည်ထည် လုံချည်ရိုးရိုး ကလေး ဝတ်ထားသည်။ ဆံပင်မရှည့်တရှည်ကလေးကိုပင် နောက်မှာ ရိုးရိုး ကလေး စည်းချည်ထားသည်။ မျက်နှာပေါ်တွင်လည်း ပါးကွက်နှစ်ဖက်မှ လွဲ၍ ဘာမှ ထူးထူးခြားခြား ခြယ်သမထား။

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းမလှစာရင်းထဲမှာ ပါလောက်သည့်ရုပ်မျိုးကလေး ဖြစ်သော်လည်း ထူးထူးခြားခြား ဘာမှ ပြင်မထားသဖြင့် ထင်းနေအောင်တော့ မလှ။

သို့သော် ကျော်စွာ့မျက်စိကိုတော့ တခြားကို မလွှဲနိုင်လောက်အောင် ဖမ်းစားထားသည်။

ဒါကလည်း ရုပ်အလှထက်စာလျှင် သူ ဘာလုပ်နေသလဲ ဆိုတာကြောင့် ဖြစ်ကောင်း ဖြစ်နိုင်သည်။

ထို မိန်းကလေး၏ ပတ်ပတ်လည်မှာ အသက်ငါးနှစ်မှ ဆယ်နှစ်ခန့် အရွယ်ဝန်းကျင် ကလေးဆယ်ယောက်လောက် ဝိုင်းနေသည်။ အားလုံး နွမ်းနွမ်းပါးပါးကလေးတွေ ဝတ်စားထားသဖြင့် ဆရာတော် စောင့်ရှောက်ထားသည့် စစ်ဘေးရှောင်မိဘမဲ့ကလေးငယ်ကလေးတွေ ဆိုတာ ဖြစ်မည်ဟု ခန့်မှန်းမိသည်။

သူတို့ကလေးတွေအားလုံး ကြမ်းပြင်ပေါ်မှာ အလျားမှောက်၍ စက္ကူဖြူတစ်ရွက်စီနှင့် အလုပ်ရှုပ်နေကြသည်။ ပုံဆွဲနေကြတာဟု ထင်သည်။ ဘေးမှာ ရောင်စုံခဲတံဘူးကလေးတချို့ကိုလည်း တွေ့ရသည်။ မိန်းကလေး ကိုယ်တိုင်ကလည်း ကြမ်းပြင်မှာ ခါးကုန်း၍ အရုပ်ဆွဲနေသည်။ အရုပ်မဆွဲဘဲ သူဆွဲတာ ငုံ့ရင်းငေးကြည့်နေသည့် ကလေးနှစ်ယောက်လည်း ရှိသည်။ အသက်ရှစ်နှစ်ခန့် မိန်းကလေးတစ်ဦးကတော့ ဘာမှ မလုပ်ဘဲ မိန်းမပျိုကလေးကို နောက်ကနေ တင်းတင်းဖက်တွယ်ထားသည်။

ကလေးတွေမျက်နှာတွေ အားလုံးက ကြည်လင် နူးညံ့နေသည်။ အဲသည် မိန်းမပျိုကလေးကို သူတို့မှာ မရှိတော့သည့် အစ်မတစ်ယောက်လို ချစ်မြတ်နိုးနေကြတာ ထင်ရှားလှသည်။

အို…အစ်မသာ မဟုတ်ဘူးလေ။

သူတို့ကလေးတွေမှာ မိခင်လည်း မရှိကြရှာတော့။

ဘာဆွေမျိုးသားချင်းမှ မရှိတော့သည့် သူတို့ နံဘေးကို သူတို့အလိုကိုလိုက်ပြီး သူတို့ပျော်အောင် ပန်းချီကူဆွဲပေးနေသည့် မမ လှလှကလေးတစ်ယောက်ရောက်လာသည်ဆိုတာ သူတို့အတွက် နတ်သမီးကလေးတစ်ပါးရောက်လာသလောက် ပျော်စရာ ကောင်းချင် ကောင်းနေပေလိမ့်မည်။

ဘယ်က မိန်းကလေးပါလိမ့်။

mgyoe.com

mgyoe.com
SAMPLE BOOK

အစ်ကိုတို့၊ အစ်မတို့နှင့် တစ်ဖွဲ့တည်းများ ဖြစ်နေမလား။

သူမျက်နှာကလေးကလည်း နူးညံ့စွာ လန်းဆန်းနေသည်။

မနေနိုင်တော့သဖြင့် ကင်မရာခလုတ်ကို သုံးလေးချက်နှိပ်မိသည်။

"သွားမလုပ်နဲ့ ညီ၊ ဓာတ်လိုက်တတ်တယ်"

ရုတ်တရက် အစ်ကို့အသံအနားက ပေါ်လာသဖြင့် ကျော်စွာ လန့်ဖျပ်ပြီး ကင်မရာကို အောက်ပြန်ချ၍ လှည့်ကြည့်သည်။

"အစ်ကိုကလည်း ကလေးတွေကို သူကြည့်နေတဲ့အကြည့်ကလေးက ချစ်စရာ ကောင်းလွန်းလို့ပါ"

အစ်ကိုက ရယ်၍ ခေါင်းခါသည်။

"ဒီကောင်မကလေး ချစ်စရာကောင်းတာ ငါသိပါတယ်။ မင်းချစ်ချင်တိုင်း သွားချစ်လို့ မရဘူးလို့ ငါပြောတာ"

"ဘာလို့လဲ"

"ခဏနေရင် သိရတော့မှာ မောင်၊ ဟိုမှာ ကျောင်းပေါ်ကဆင်းလာနေပြီ"

မိန်းကလေး ကျောင်းပေါ်က ဆင်းလာတာကို အဝေးမှ လှမ်းမြင်ရသည်။ ကျော်စွာက နားမလည်စွာ အစ်ကို့ဘက်ကို လှည့်မေးသည်။

"သူက ဘယ်သူလဲ၊ အစ်ကိုတို့အဖွဲ့ထဲကလား"

အစ်ကိုက ခေါင်းခါပြသည်။

"ပန်းချီဆရာမကလေးတစ်ယောက်ဆိုပါတော့ကွာ၊ ပန်းချီဆရာဆိုပေမယ့် အသက်က နှစ်ဆယ်ကျော်ရုံကလေးပဲ ရှိသေးတယ်၊ သိပ်အောင်မြင်သေးတာတော့ မဟုတ်ဘူး၊ စစ်ဘေးရှောင်ကလေးတွေကို နှစ်သိမ့်အားပေးချင်လို့ ပန်းချီလာသင်ပေးနေတာ။ ငါတို့ အဖွဲ့ကလည်း မဟုတ်ဘူး။ ဘယ်အဖွဲ့အစည်းနဲ့မှလည်း မပတ်သက်ဘူး။ တိုနဲ့သိတော့သိနေတာပေါ့၊ မင်းနဲ့လည်း သိတော့မှာ"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ ဟိုမှာ ဒီကိုတည့်တည့်လျှောက်လာနေတာတွေ့လို့ပေါ့၊ သေချာတယ်၊ မင်းခွင့်မတောင်းဘဲ ဓာတ်ပုံလှမ်းရိုက်လိုက်တာမြင်သွားပုံပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

စောစောက ကလေးတွေနှင့် နေတုန်းကထက် သိသိသာသာပိုတည်သော မျက်နှာနှင့် သူတို့ကျောင်းသင်္ခမ်းဘက်လျှောက်လာနေသည့် ပန်းချီဆရာမကလေးကို တွေ့လိုက်ရတော့ ကျော်စွာ ခေါင်းနားပန်းကြီးသွားသည်။

အစ်ကိုက ရယ်သည်။ သူ့ပခုံးကို ပုတ်သည်။

"စိတ်မပူပါနဲ့ကွာ။ ငါပြောပေးပါမယ်"

ဿဿ

အစ်ကိုက မိန်းကလေးကို ကျောင်းအောက်မှာ ဆီးကြို၍ စကားပြောသည်။ အစ်ကိုနှင့် စကားပြောနေတော့ မျက်နှာကလေးတည်နေတာနည်းနည်းလျော့သွားသည်။ ပြုံးယောင်ယောင်ပင် သန်းလာသည်ဟု ထင်ရသည်။ အစ်ကိုနှင့် ရင်းနှီးပြီးသားဆိုတာတော့ သေချာသည်။

ကျော်စွာ ကျောင်းပေါ်ကနေ သူတို့နှစ်ယောက်ကို ငေးကြည့်ရင်းရင်ခုန်နေမိသည်။ ရန်တွေ့ခံရမှာ စိုးရိမ်စိတ်နှင့် ရင်ခုန်တာလား၊ တခြားအကြောင်း တစ်ခုခုလားတော့ သူ မခွဲခြားတတ်။ သေချာတာကတော့ အနီးကပ်မြင်ရတော့ မိန်းကလေး တော်တော်လှနေတာပါပဲ။ ဆွဲဆောင်မှုရှိသောအလှမျိုးဟုတော့ ပြောရခက်သည်။

ငြိမ်းချမ်းစေသောအလှ။

အဲသလို ပြောလျှင် ရမလား မသိ။ သူ့မျက်နှာကလေးကို ကြည့်ရတာ ရင်ထဲမှာ အေးချမ်းသွားသည်။ ကိုယ့်အိမ်မှာ ကိုယ့်နှမကလေးအဖြစ်ရှိနေလျှင် သိပ်ကောင်းမှာပဲဟု စိတ်ကူးယဉ်ကြည့်ချင်စရာ မျက်နှာမျိုးကလေးဖြစ်သည်။ ဒါကလည်း သူ့မှာ နှမတစ်ယောက်ရှိမနေခဲ့ဘဲ ငယ်စဉ်ကတည်းကနှမကလေးတစ်ယောက် အမြဲတမ်း လိုချင်နေခဲ့မိ၍လည်း ဖြစ်ကောင်းဖြစ်နိုင်သည်။

အစ်မက သူ့ဘေးမှာ လာရပ်၍ သူ့ကို မော့ကြည့်ပြီး အားပေးပြုံးပြုံးပြသည်။

မိန်းကလေးက အစ်ကိုနှင့် စကားပြောနေရာက ကျောင်းပေါ်ကို မော့ကြည့်သည်။

မိန်းကလေး၏ မျက်လုံးတွေကို ကြည့်ရင်း ကျော်စွာ ကြက်သေသေသွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သိပ်လှတဲ့ မျက်လုံးကလေးတွေပါလား။

သည်လို မျက်လုံး၊ မျက်ခုံး ထင်ထင်ရှားရှားမိန်းကလေးတွေ သူ အများကြီးတွေ့ခဲ့ဖူးသည်။ သည်မိန်းကလေးထက်လှသူတွေပင် တွေ့ခဲ့ဖူးသည်။

သို့သော် ထူးခြားနေတာက အရောင်။

အနက်ရောင်ပါပဲ။ သို့သော် အဲသည် အနက်ရောင်ကို ကြည့်ရတာ မဟူရာကျောက်သားကို ကြည့်ရသလို ကြည်လင်နေသည်။

ဒါ ဘာလဲ။

အဲသည် မျက်လုံးတွေမှာ ထူးခြားသော ဘာသာစကားတစ်ခု ရှိနေသည်။ ဘာလဲဆိုတာ သူ စဉ်းစား၍ မရ။

သူ ယောင်အအနှင့် ပြုံးပြလိုက်သည်။

မိန်းကလေးက မျက်နှာ အနည်းငယ် ပြန်တည်သွားပြီး အစ်ကို့ဘက်လှည့်၍ ခဏ ဆက်စကားပြောသည်။ ပြီးတော့ သူတို့ဘက်သို့ လှည့်ကြည့်၍ ကျောင်းပေါ်ကို လှေကားကနေ တက်လာသည်။

အုတ်ထူထူ ကနုတ်ပုံစံဖော်ထားသော ဆောင်ခတ်ထားသည့် လှေကားကနေ မြန်မာဝတ်စုံ သပ်သပ်ရပ်ရပ် ဝတ်စားထားသော မိန်းမလှကလေး တစ်ယောက်တက်လာနေတာ ပန်းချီကားတစ်ချပ်နှင့်ပင် တူနေသေးတော့။ သို့သော် သူ ထပ်၍ ဓာတ်ပုံ မရိုက်ရဲတော့ပါ။

"သမီး၊ ထမင်းစားပြီးပြီလား၊ မမတို့နဲ့ လာစားလေ"

အစ်မက ရင်းရင်းနှီးနှီး ဖိတ်ခေါ်သည်။

မိန်းကလေးက အစ်မကို ပြုံးပြ၍ ပြန်ဖြေသည်။

"မစားတော့ဘူး မမ၊ သမီး နေ့တစ်ဝက်ပဲ နေမှာ၊ နေ့လယ်လောကနတ် ပန်းချီပြခန်းကို သမီး ပန်းချီကား သွားပို့မလို့။ အဲဒီမှာ သမီး ဆရာတွေနဲ့ စားမှာ"

မိန်းကလေးက သူ့ဘက်လှည့်ကြည့်သည်။ မျက်နှာကလေး အနည်းငယ် တည်သွားသော်လည်း စိတ်ဆိုးနေသည့်ပုံတော့ မပေါက်ပါ။

"စိတ်မရှိနဲ့နော်၊ ကျွန်မက ကိုယ့်ပုံ သူများကို လွယ်လွယ် ပေးမသိမ်းတတ်လို့ပါ။ ရှင့် ကင်မရာထဲက ကျွန်မပုံတွေ ဖျက်ပါရစေ"

ကျော်စွာ မှင်တက်လျက်ကပင် လည်ပင်းမှာ လွယ်ထားသော ကင်မရာကို ဖြုတ်ပေးလိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

မိန်းကလေးက အံ့သြစရာကောင်းလောက်အောင်ပင် ကျွမ်းကျင်ဖျတ်လတ်စွာ ကင်မရာခလုတ်များကို နှိပ်၍ သူပါသောပုံများကို ဖျက်ချလိုက်ပြီး သူ့ကို ပြန်ပေးသည်။

"ဖောမက် ချချင်သေးလား"

ဘယ်လောက် အူကြောင်ကြောင်နိုင်သော မေးခွန်းပါလဲ။

သူ့ပါးစပ်က ထွက်ဖြစ်အောင် ထွက်သွားသည်။

မိန်းကလေးက ရယ်၍ ခေါင်းခါပြသည်။

"ဒီ ဒစ်ဂျစ်တယ်ကင်မရာမှာ ရီဆိုင်ကယ်ဘင် မပါဘူး ဆိုတာလောက်တော့ ကျွန်မ သိပါတယ်"

ဘုရားရေ…။

သူ့စကားက အဲသလို အဓိပ္ပာယ်ထွက်သွားသလား။

သည်မိန်းကလေးကို အိုင်တီခေတ် ပစ္စည်းတွေနှင့် ရင်းနှီးကျွမ်းဝင်မှုရှိမှာ မဟုတ်ဘူးဟုများ ယူဆသံပါသွားသလား။

ဒါမှ မဟုတ် သည်မိန်းကလေးက သူ့ကို ယုံမှာ မဟုတ်ဘူးဟုများ ယူဆသံပါသွားခဲ့သလား။

ခုန်နေသောရင်ကို ရင်ဘတ်ထဲ ပြန်မျိုချ၍ သူ စကားစကြည့်သည်။

"ကျွန်တော် ကျော်စွာပါ၊ အစ်ကိုတို့ အစ်မတို့ အဖွဲ့ကပါပဲ"

မိန်းကလေးက ပထမဦးဆုံးအကြည့် သူ့ကို တည့်တည့်ကြည့်၍ ရယ်ပြသည်။

"ဒေါက်တာ ကျော်စွာပေါ့ ဟုတ်လား၊ အစ်ကို ပြောပါတယ်၊ အစ်မဆီမှာ ဆင်းနေတဲ့ အလုပ်သင်ဆရာဝန်တဲ့"

ရယ်လိုက်တော့ မျက်လုံးကလေးတွေက ပိုနူးညံ့သွားသည်။

ဟာ…ဟုတ်ပြီ။

သည်မျက်လုံးကလေးတွေ၏ ထူးခြားချက်ကို သူ စဉ်းစား၍ရသွားသည်။

မေတ္တာပြည့်ဝနေသည့် မျက်လုံးကလေးတွေပါ။

မေတ္တာရှင်၏မျက်လုံးကို ဆိုလိုတာ မဟုတ်။ သူ မေတ္တာရှင်တစ်ယောက်လည်း ဖြစ်ကောင်းဖြစ်မည်။ စစ်ဆေးရောင်ကလေးတွေကို သူလုပ်ပေးနေပုံကို ကြည့်လျှင် မေတ္တာရှင်တစ်ယောက်ဖြစ်ဖို့ တော်တော် သေချာသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သို့သော် သူ မြင်လိုက်ရသည့် မေတ္တာပြည့်ဝနေသည့် မျက်လုံးဆိုတာက နောက်တစ်မျိုး ဖြစ်သည်။

မေတ္တာငတ်နေသည့် မျက်လုံးကလေးတွေကို သူအမြောက်အမြား မြင်ဖူးသည်။ အထူးသဖြင့် သူ ယခုလုပ်နေသည့် ဆေးရုံက စွန့်ပစ်ခံကလေးများဆီမှာပေါ့။ သည်တော့ မေတ္တာငတ်နေသည့် မျက်လုံးကလေးတွေကို သူ့စိတ်ထဲမှာ ထူးခြားလှသည်ဟု မထင်မိ။

သည်မိန်းကလေးတစ်သက်မှာ မေတ္တာကို လိုချင်သလောက် မရ၍ တောင့်တနေခဲ့ရသည့် အချိန်ဆိုတာ မရှိခဲ့ဖူးဘူးထင်ပါ့။

ထူးခြားသော အဲသည်မျက်လုံးကလေးတွေကြောင့် သူ မှင်တက်နေမိရာက သတိပြန်ရလာတော့ မိန်းကလေးက လှေကားများအတိုင်း ကျောခိုင်း၍ပင် ဆင်းသွားလေပြီ။

"နာမည်ကလေးတောင် ပြောပြမသွားဘူး"

ဟိုဘက် ဇရပ်ပေါ်တက်သွားသည့် မိန်းကလေးကို အဝေးကနေ လှမ်းငေးကြည့်နေရင်းက သူ တိုးတိုးရေရွတ်တော့ အစ်မက ရယ်သည်။

"နာမည် သိတော့ နင်က ဘာလုပ်မလို့တုံး"

"သိချင်တာပေါ့ အစ်မရယ်"

'ကံ့ကော်…တဲ့'

ကံ့ကော်…ဟု သူ တိုးတိုး ရေရွတ်မိသည်။

အရိုးဆုံးသည် အဆန်းဆုံးပါပဲလား။

သည်လောက်ရှင်းလှသည့် နာမည်ကလေးက နာမည်တူ ရှားပါးလှနိုင်လောက်အောင်ပင် ထူးခြားနေပြန်သည်။

စံပယ်၊ နှင်းဆီ၊ သဇင်၊ အင်ကြင်း၊ ခတ္တာ…ပန်းနာမည်တွေ မိန်းကလေးနာမည်တွေမှည့်တာ မြန်မာလူမျိုးတို့ ထုံးစံမို့ မထူးဆန်းလှသော်လည်း ကံ့ကော်ဆိုတာကလေးက ရိုးရိုးကလေးနှင့် ဆန်းနေပြန်သည်။

"ကံ့ကော်တွေ ပွင့်တဲ့ရာသီမွေးတာ ဖြစ်မယ်"

"ဟုတ်တယ်"

အစ်မက ဝင်ဖြေသည်။ အစ်မနှင့် တော်တော်ရင်းရင်းနှီးနှီး သိနေပုံပါပဲ။

ꕥꕥ

mgyoe.com

mgyoe.com SAMPLE BOOK

"စိတ်ရောဂါသည်တစ်ယောက် တော်တော် အရေးပေါ်အခြေအနေ ဖြစ်နေတယ် 'မ' ရေ"

အစ်ကိုက အားလုံး စားထားသော ထမင်းပွဲများကို လိုက်သိမ်းနေသည့် အစ်မနှင့် လုပ်အားပေး မိန်းမပျိုတွေနားမှာ ခါးထောက်ရပ်ရင်းက ပြောသည်။

အစ်မက မော့ကြည့်၍ ရယ်သည်။

"ကျော်စွာလား၊ စိတ်ရောဂါလား၊ ကံ့ကော်ရောဂါလား"

"ကံ့ကော်ရောဂါပဲ၊ ဒါပေမဲ့ အခုက ဆိုင်ကိုးဆစ် အဆင့်ကို ရောက်သွားပြီ၊ စိတ်ရောဂါ အပြင်းစား"

ကျော်စွာ ရယ်ကျဲကျဲနှင့် ခေါင်းသာ ကုတ်နေရသည်။ အစ်မက ကျော်စွာကို လှည့်ကြည့်၍ မေးသည်။

"ဘာတွေ ဖြစ်နေလို့လဲ"

"လောကနတ်က ဘယ်နားမှာလဲတဲ့၊ ဖြေလိုက်ရမလား"

"ဟယ်-ကျော်စွာရယ်၊ နင် တကယ်ပဲလား"

ကျော်စွာ ဘာဖြေရမှန်း မသိ၍ ရယ်သာ နေရသည်။

"ပြောတယ် 'မ'ရယ်၊ နောက် မိတ်ဆက်ပေးပါ့မယ်။ တို့အဖွဲ့မှာ လည်း တစ်ခါ တစ်ခါ ပါလာတတ်ပါတယ်။ အခုသွားလည်း သူက ပြန်လောက်ပြီ၊ အလွန်ဆုံး သူဆွဲထားတဲ့ ပန်းချီကားလောက်ပဲ တွေ့မှာပါလို့၊ အဲဒါကို မရဘူး၊ သွားမယ် လုပ်နေတယ်"

အစ်ကိုက ဖြေတော့ အစ်မက ရယ်၍ ခေါင်းခါသည်။

"မလွယ်ဘူးနော် ကျော်စွာ"

"ဘာ မလွယ်တာလဲ အစ်မရဲ့"

"ဘာ မလွယ်တာလဲဆိုတာ ပြောပြဖို့ကို မလွယ်တာ၊ နင့်ကိုလည်း မလွယ်တာကို သိရတဲ့အဆင့်အထိ မရောက်စေချင်ပါဘူး"

ပဟေဠိဆန်လှသော အစ်မစကားကြောင့် ကျော်စွာတွေဝေနေမိသည်။

ⵣⵣ

အစ်ကိုနှင့်အစ်မ တားသည့်ကြားက လောကနတ်ကို သူ ဆက်သွားခဲ့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

အစ်ကို ပြောသလိုပင်၊ ကံ့ကော်၏ အရိပ်အရောင်တောင် မတွေ့ရတော့။

အသက် ခြောက်ဆယ်ခန့် ပန်းချီဆရာကြီးတစ်ဦးနှင့် သူ့ဘေးမှာ ဝိုင်းထိုင် စကားပြောနေသော သူ့တပည့်တွေဟု ထင်ရသည့် အရွယ်စုံ ပန်းချီဆရာ တစ်သိုက်ကိုသာ တွေ့ရသည်။

သူတို့ကိုလည်း သွားမမေးရဲသဖြင့် ကျော်စွာ ပန်းချီကားတွေကိုပဲ လိုက်ကြည့်မိသည်။

ပန်းချီဆရာကြီး၏ ရှေ့တည့်တည့်မှာ ချိတ်ထားသော ပန်းချီကားများက သစ်သီး၊ ပန်းအိုး အစရှိသည့် သက်မဲ့ပစ္စည်းများကို ထူးခြားလှပသည့် အရောင်များ၊ အယူအဆများနှင့် ထုံမွမ်းထားသဖြင့် ပန်းချီပြပွဲတစ်ပွဲလုံးမှာ အထင်ရှားဆုံး ဖြစ်နေသည်။ လက်မှတ်တွေက တစ်ခုတည်းဖြစ်နေပြီး ပန်းချီကားဘောင်တွေမှာလည်း ရောင်းချထားပြီးဖြစ်ကြောင်း အမှတ်အသား အနီရောင် စက္ကူဝိုင်းကလေးတွေ ရှိနေသည်။

အဲသည် ဆရာကြီး၏ ပန်းချီကားတွေပင် ဖြစ်မည်။

ကံ့ကော်၏ဆရာ ဆိုတာလား မသိ။

တစ်ဖက်နံရံကို လှည့်ကြည့်လိုက်တော့ ကျော်စွာ ကြက်သေ သေသွားသည်။

ကံ့ကော်။

စောစောကတင် သူ စတင်တွေ့ခဲ့၊ သိခဲ့သည့် ကံ့ကော်ပါပဲ။ သို့သော် ပန်းချီကားထဲက ကံ့ကော်က ၂၁ ရာစု မိန်းကလေး ကံ့ကော် မဟုတ်ပါ။

ဆံပင်ကို ငယ်ထိပ်ပေါ်တည့်တည့်တွင် ပတ်ခွေထုံးဖွဲ့ထားပြီး ဆံနွယ် စတချို့ လည်ပင်းတစ်ဖက်တစ်ချက်မှာ မသိမသာ ဖြာထွက်နေသော ဒီဇိုင်းနှင့် အတော်ပွရောင်းသော မြန်မာ ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ပြီး ပုလဲပုတီး အရှည်ကြီးတစ်ကုံး ဆွဲထားသည့် 'ကံ့ကော်' ပါ။

သည်ဝတ်စားပုံဟန်ပန်မျိုးက သူ့မိခင် ငယ်ငယ်က ရိုက်ခဲ့သည့် ဓာတ်ပုံတွေ မပြောနှင့် သူ့ဘွားဘွားငယ်ငယ်က ရိုက်ခဲ့သည့် ဓာတ်ပုံတွေမှာတောင် မတွေ့ရ။ အဲသည်ထက် စောမည်။

၁၉ ရာစု အကုန်ပိုင်း၊ သို့မဟုတ် ၂၀ ရာစု အစောပိုင်း ဖြစ်မည်။

ပုံကတော့ ကံ့ကော်၏ ပုံမှ ကံ့ကော်၏ ပုံပါပဲ။ ဝတ်စားပုံ

mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လောက် ပြောင်းထား ပြောင်းထား သည်မျက်လုံးကလေးတွေက ဘယ်လိုမှ လူမှားစရာ မရှိပါ။

နောက်ခံမှာတော့ ကံ့ကော်ပန်းတွေကို ပြွတ်ခဲနေအောင် ဆွဲထည့်ထားသည်။ အပြင်မှာ တကယ်မြင်ရသည့် အနေအထားထက်တော့ အနုပညာဆန်လွန်းနေသည်။ ပန်းချီဆရာက ပုံတူဖြစ်ဖို့ထက် သူ့စိတ်ကူး ကွန့်မြူးရာကို ဆွဲထားဟန် တူသည်။

ပုံကို အနားကပ်ကြည့်တော့ အင်္ဂလိပ်ဘာသာနှင့် ထိုးထားသည့် Gantgaw 'ကံ့ကော်'ဆိုသည့် လက်မှတ်ကို တွေ့ရသည်။

သေချာပါပြီ။ အဲသည် မိန်းကလေးကိုယ်တိုင် ဆွဲတာပါပဲ။

ပန်းချီကားဘောင်မှာ အပြာရောင် စက္ကူအဝိုင်းကလေးကပ်ထားတာ တွေ့ရသည်။

ဘေးမှာ ပန်းချီခန်းကဟု ထင်ရသော လူတစ်ယောက်ကို တွေ့၍ 'ဒါ ဘာလဲဗျ'ဟု စက္ကူဝိုင်းကလေးကို ပြ၍ မေးလိုက်သည်။

"ဒါ ရောင်းရန် မဟုတ်တဲ့၊ ခင်ဗျားပါဆို လေးဦးရှိပြီ၊ ဒီပန်းချီကားကို ဝယ်ဖို့ စိတ်ဝင်စားကြတာ။ အဲဒီကောင်မကလေးကလည်း မရောင်းဘူးဆိုမရောင်းဘူးပဲ"

"ကံ့ကော်ကို ပြောတာလား"

"ဟုတ်တယ်"

အဲသည် လူက ခပ်လှမ်းလှမ်းမှာ ထိုင်နေသော ပန်းချီ ဆရာကြီးကို လှမ်းပြ၍ ဆက်ပြောသည်။

"ဆရာကြီး တပည့်ပေါ့၊ အသက်နှစ်ဆယ်ကျော်ကလေးပဲ ရှိသေးတယ်။ ဆရာကြီး ခေါင်းဆောင်လုပ်တဲ့ပွဲတွေမှာဆို ပန်းချီကား လာတင်တတ်တယ်။ သူ့ကားကလေးတွေက အိုင်ဒီယာဆန်းတော့ လူတွေ စိတ်ဝင်စားကြတယ်။ ဒါပေမဲ့ မရောင်းတာ များတယ်ဗျ။ မှတ်မှတ်ရရ နှင်းဆီပန်းပုံတစ်ပုံရောင်းသွားတာ တွေ့ဖူးတယ်။ဒါလည်း ရေဘေးလှူချင်လို့ဆိုပြီး ရောင်းသွားတာတဲ့။ ကြားတာတော့ ဒီအပတ်ထဲမှာ ပန်းချီပြပွဲတစ်ပွဲလုပ်ဦးမယ်ဆိုလားပဲ။ သူနဲ့ တခြား မိန်းကလေး ပန်းချီဆရာ တချို့တဲ့။ ပညာရေးဘက်ကို လှူမလို့ဆိုလားပဲ"

"ဒီမှာပဲလား"

mgyoe.com

mgyoe.com
SAMPLE BOOK

"နေပြည်တော်မှာတဲ့"
ကျော်စွာ စိတ်မောသွားသည်။
ပန်းချီကားဘက်ကို ပြန်ကြည့်မိသည်။
ရှေးဟောင်း 'ကံ့ကော်' က သူ့ကို ပြုံးပြနေသည်။

※※

အိမ်ပြန်ရောက်တော့ တော်တော်ညနေစောင်းနေပြီ။

"သား ညက ဂျူတီကျထားတာကို မအိပ်ဘဲနဲ့ တစ်နေကုန် ဘယ်လျှောက်သွားနေလဲ"

မေမေက လေသံနှင့် ဆီးဆူတော့ သူ လျှာထုတ်ပြလိုက်သည်။ မေမေက မီးဖိုချောင်ထဲဝင်သွားပြီး လုပ်လက်စအလုပ်တွေ ဆက်လုပ်နေသည်။

ဖေဖေ့ကို ဧည့်ခန်းဆက်တီပေါ်မှာ တွေ့ရသည်။ တိုက်ပုံအနက်ကို ဝတ်ထားဆဲမို့ အလုပ်က ပြန်လာခါစဟု မှန်း၍ ရသည်။ တီဗွီကို မျက်တောင် မခတ်တမ်း ငေးကြည့်နေတော့ ခဏာအမောဖြေရင်း သူကြိုက်သည့် ရုပ်ရှင် ကား လာတာနှင့် တိုးနေ၍ မထနိုင်တာပဲ ဖြစ်မည်ဟု ခန့်မှန်းမိသည်။ ဖေဖေက အင်္ဂလိပ်ဝတ္ထု၊ အင်္ဂလိပ်ရုပ်ရှင် တော်တော်ကြိုက်သူတစ်ဦး ဖြစ်သည်။

ကျော်စွာ ဧည့်ခန်း ရေခဲသေတ္တာထဲက ရေတစ်ပုလင်း ထုတ်ယူ၍ ဖန်ခွက်ထဲကို ငှဲ့ထည့်ပြီး ဖန်ခွက်ကို ကိုင်၍ ဧည့်ခန်းသို့ ပြန်ထွက်လာသည်။

ဖေဖေက တီဗွီက မျက်နှာကို မလွှဲ။

ကျော်စွာ တီဗွီကို လှမ်းကြည့်တော့ ဟယ်ရီဆန်ဖို့ဒ်ကို တွေ့ရသည်။ သူ့အကြိုက်၊ ဖေဖေ့အကြိုက် ဟောလိဝုဒ်မင်းသား။

ထူးခြားတာက သူ မြင်ဖူးနေကျ ဟယ်ရီဆန်ဖို့ဒ်ထက် အများကြီး ငယ်ပြီး ချောနေသည်။ ခေတ်ဟောင်းကားတစ်ကား ဖြစ်ရမည်။

ပို၍ ထူးခြားတာက မြန်မာတွေ ဆောင်းနေကျ နှီးဦးထုပ်နှင့် ခပ်ဆင်ဆင် တူသော ဦးထုပ်အဖြူတစ်လုံးကို ဆောင်းထားကာ ရုပ်အင်္ကျီအဖြူ မှာ ဘောင်းဘီကို တွယ်သည့် ပခုံးသိုင်းကြိုးပါလွယ်လျက်သား ဝတ်ထားသည်။ ဒီ ဒီဇိုင်းကတော့ တော်တော်အောက်သွားပြီ။ ဇာတ်ကား၏ ခေတ်ထက် အများကြီး ထပ်ရှေးကျသော ခေတ်ဘစ်ခေတ်ကို ရိုက်ထားတာ ဖြစ်မည်။

mgyoe.com

mgyoe.com SAMPLE BOOK

သူ့နောက်က လူတွေကလည်း သူ့ဒီဇိုင်းမျိုး၊ မိန်းမပျိုတစ်ဦးဆို ခေါင်းဆောင်းကလေးတောင် ပါလိုက်သေးသည်။

"ရှေးဟောင်း ကားကြီးလား ဖေဖေ"

"ဝက်နက်စ် (WITNESS)လေ၊ သား မမွေးခင်က ကားပေါ့။ ဟယ်ရီဆန်ဖို့ဒ် ငယ်ငယ်ကလေးဖြစ်နေတာ မတွေ့ဘူးလား"

ဖေဖေက ပြန်လှည့်မကြည့်ဘဲ ဖြေသည်။

ကျော်စွာက ရေကို မော့သောက်သည်။

"တွေ့တယ်၊ သားပြောတာက ဝတ်ထားတဲ့ ဒီဇိုင်းတွေက အဲဒီထက်တောင် ရှေးကျနေတော့ ခေတ်ဟောင်းကို ပြန်ရိုက်တာမျိုးလားလို့"

ဖေဖေက ခေါင်းခါပြသည်။

"တစ်ထောင်ကိုးရာရှစ်ဆယ့်ငါး ပတ်ဝန်းကျင်လောက်ပါပဲ၊ ဒါပေမဲ့ ဇာတ်လမ်းထဲမှာ သူက အားမစ်ရှ်တွေဆီ ရောက်သွားတာကိုး"

ကျော်စွာ မျက်မှောင်ကြုတ်သည်။

"အားမစ်ရှ်ဆိုတာ ဘာလဲ ဖေဖေ"

ဖေဖေက သူ့ဘက်လှည့်ကြည့်၍ ပြုံးပြသည်။

"အားမစ်ရှ်ဆိုတာ အမေရိကားမှာ ရှိတဲ့ လူအုပ်စု တစ်စုပေါ့၊ ပင်ဆယ်ဗေးနီးယား ဆိုတဲ့ အရပ်မှာ ရှိတယ်။ လူ သုံးသိန်းလောက် ရှိတယ်။ ၁၈ ရာစု နှစ်လောက်ကတည်းက စပေါ်တာ။ ဘာသာရေး အလွန် ကိုင်းရှိုင်းတဲ့ ခရစ်ယာန်တွေပေါ့။ ထူးခြားချက်က သူတို့က အခုထိ အဲဒီခေတ်က လူတွေလိုပဲ ဝတ်ကြတယ်၊ လျှပ်စစ် မသုံးဘူး၊ တယ်လီဖုန်း မသုံးဘူး။ ကားမစီးဘူး၊ မြင်းဆွဲတဲ့ ရထားတွေ စီးတုန်း။ ရွာကလေးတည်ထောင်ပြီး နေကြတယ်။ လယ်စိုက်တယ်။ အတန်းပညာလည်း အထက်တန်းထိအောင် မသင်ကြဘူး။ ခေတ်ဟောင်းမှာပဲ ပျော်ပြီး ခေတ်သစ်အသွင်ကို ယူဖို့ ငြင်းဆန်တဲ့လူတွေပေါ့"

ကျော်စွာ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

"အပြင်မှာ အဲသလို လူတွေ တကယ်ရှိနိုင်ပါ့မလား ဖေဖေ"

"တကယ်ရှိတာပေါ့၊ တကယ်ရှိတဲ့ အားမစ်ရှ်တွေ ဘဝကို အခြေခံပြီး ရိုက်ထားတာ။ ဒီနေ့ အထိ အမေရိကားကို သွားတဲ့ တိုးရစ်တွေက အားမစ်ရှ်တွေကို သွားစပ်စုနေကြတုန်း။ အားမစ်ရှ်တွေကတော့ တိုးရစ်တွေ

mgyoe.com

mgyoe.com
SAMPLE BOOK

လာတာ မကြိုက်ကြဘူးတဲ့။ ဒီကားက ဓာတ်ညွှန်းလား မသိဘူး၊ အော်စကား ရသေးတယ်။ နှစ်သုံးဆယ်လောက်ရှိပြီဆိုတော့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့၊ နေထိုင်မှုပုံစံပြောင်းလဲခြင်းရဲ့ ဆိုးကျိုးတို့ အဲဒီ စကားတွေတောင် ခေတ်မစားသေးဘူး။ နောက်ပိုင်းမှာ လူတွေ စည်းစိမ်ခံချင်တာနဲ့ သဘာဝကို ဖျက်ဆီး၊ သဘာဝဘေးအန္တရာယ်တွေကျ၊ လူနေမှုပုံစံတွေ ပြောင်းလဲလာတာနဲ့ ကင်ဆာ၊ သွေးတိုး၊ နှလုံးရောဂါတွေများလာ။ အဲသလို ဖြစ်မယ်ဆိုတာ အားမစ်ရှ်တွေက ကြိုမြားသိလို့ ဒီလို နေခဲ့တာလားတောင် ထင်စရာပဲ''

ကျော်စွာ ခေါင်းတဆတ်ဆတ် ညိတ်မိသည်။

တော်တော် စိတ်ဝင်စားစရာ ကောင်းလှသော အားမစ်ရှ်တွေပါပေ။

တစ်ဆက်တည်းမှာပဲ မြန်မာပြည်မှာလည်း အားမစ်ရှ်တွေလို အပြောင်းအလဲကို လက်မခံသည့် ရွာကလေးတွေ ရှိလျှင် ကောင်းမည်ဟု တွေးမိသည်။ ရှိလျှင် သူတောင် သွားနေလိုက်ချင်သေးသည်။ လောဘ၊ ဒေါသ တွေ နည်းလိုက်မည့်ဖြစ်ခြင်း။

''ကဲ-အဖေရေ၊ ဒင်နာ ပြန်သွားမှာဆို၊ ရေချိုးတော့လေ၊ မနက်ဖြန် မနက် ပုဂံသွားဖို့လည်း ပစ္စည်းမထည့်ရသေးဘူး မဟုတ်လား။ ပြီးတော့... တော်ကြာ လာကြိုတဲ့ ကားက အောက်မှာ ရပ်စောင့်နေရရင် ဟိုတစ်ခါလို သူတို့အိမ်ရှေ့ပိတ်တယ်ဆိုပြီး ထွက်ရန်ဖြစ်တဲ့သူနဲ့ တွေ့နေဦးမယ်''

မေမေက ဖေဖေ့ကို သတိပေးသည်။ ဖေဖေက 'အေးပါ'ဟု ဆို၍ ထိုင်ရာမှ ထသည်။

''ဖေ့စ်ဘုတ်မှာ တွေ့တာတော့ လူတွေက အခု ကားရပ်ထားရင် ကိုယ့်ဟမ်းဖုန်းနံပါတ်ကလေး ကားရှေ့မှန်မှာကပ်ထားခဲ့ကြတယ်။ ပိတ်နေရင် ခေါ်လို့ ရအောင်တဲ့''

ကျော်စွာပြောတော့ ဖေဖေက ရယ်သည်။

''လူကြီးပါ ကားပေါ် ငုတ်တုတ်ထိုင်နေတာပါ သားရယ်၊ ရပ်တာလည်း ငါးမိနစ်တောင် မပြည့်ပါဘူး။ အဲဒါကို ထွက်ရန်ဖြစ်ကြတာ ကက်ကက်လန်ပဲ''

''ဟို မြေရှင်အဖွဲ့ကပဲလား''

ဖေဖေက ခေါင်းခါပြသည်။

''ကိုယ့်လို တိုက်ခန်းပိုင်ရှင်ချင်းပါပဲ၊ ဒီခေတ်က ဘယ်သူ့ ဘယ်သူမှ ဘာကိုမှ သည်းမခံတတ်ကြတော့ဘူး။ အမြဲ မကျေနပ်ကြတာ။ ဖေဖေတောင်

mgyoe.com

mgyoe.com SAMPLE BOOK
ဒီကားကလေးကိုကြည့်ပြီး အားမစ်ရှိတွေနဲ့ သွားနေချင်နေမိသေးတယ်။ အေးချမ်းလိုက်တာ"

"သားရောပဲ"

"အောင်မယ် သားအဖနှစ်ယောက် အတိုင်အဖောက် ညီနေလိုက်တာ။ ဒီလူတွေ အဲသလို သည်းမခံတတ်ကြလို့ အဖေ ရှေ့နေလုပ်စားလို့ ရနေတာပေါ့။ အားလုံးသာ အားမစ်ရှိတွေ ဖြစ်နေရင် တို့မိသားစု ထမင်းငတ်ရချည်ရဲ့"

မေမေ ဝင်ပြောတော့ သုံးယောက်သား ပွဲကျသွားကြပါသည်။

⌘⌘

အိပ်ရာကို ကျောချလိုက်သည်နှင့် မျက်ခွံကလေးများက လေးလံလာသည်။ ဟုတ်တာပေါ့။ ည ဂျူတီထွက်ပြီးကတည်းက ပြန်မှ မအိပ်ရသေးတာ။ မနက်ဖြန်လည်း ရုံးဖွင့်ရက်။ ဆေးရုံသွားရမည်။

ကိုင်း…စောစောအိပ်။

ပိတ်ထားသော မျက်လုံးထဲမှာ ကုံကော်၏ မေတ္တာရည်ဝနေသော မျက်လုံးကလေးများကို ပြန်မြင်ယောင်လာသည်။

'ဘာမလွယ်တာလဲ ဆိုတာ ပြောပြဖို့ကို မလွယ်တာ'တဲ့။

မမစကားက စိုးရွံ့စရာ။

မင်း ဘယ်လို လူမျိုးများလဲ မိန်းကလေးရယ်။

တွေးရင်း ကျော်စွာ အိပ်ပျော်သွားသည်။

❐

mgyoe.com

mgyoe.com SAMPLE BOOK

## ကျော်စွာ(၂)

တနင်္လာနေ့

ကျောက်ကပ်ဆေးထားသည့် ကလေးလူနာတစ်ဦး၏ သွေးအဖြေများကို လူနာမှတ်တမ်းထဲတွင် ဖယားကွက်ဖြည့်သွင်းနေရင်း ကျော်စွာကံ့ကော်ကို သတိရမိပြန်သည်။

ယနေ့အဖို့ ဘယ်နှကြိမ်မြောက် သတိရခြင်းလဲ ဆိုတာတော့ သူ သတိမရတော့။ သေချာတာက မိုးလင်းကတည်းက ခဏ ခဏ သတိရနေမိတာ ဖြစ်သည်။

ဆရာဝန်ပေါက်စနှင့် ပန်းချီဆရာမပေါက်စ။

ဆက်စပ်၍ ရတာဆိုလို့ ပေါက်စတွေဖြစ်နေတာချင်းတူတာကလေးသာရှိသော ဘဝ။

ဆိုင်းရင့်တစ်စ်နှင့် အားတစ်စ်။

mgyoe.com

mgyoe.com SAMPLE BOOK

သိပ္ပံပညာရှင်နှင့် အနုပညာရှင်။

အဲသလို ပြောလျှင်တော့ တော်တော်ကြီးကျယ်ရာ ကျသွားမလား မသိ။ ဟိုကောင်မကလေး၏ လက်ရာကို သူ မြင်ခဲ့ပြီးပြီမို့ 'အားတစ်စ်'ဟု ခေါ်ရတာ သိပ်မဆိုးလှမှန်း ရိပ်မိခဲ့သော်လည်း ကိုယ့်ကိုယ်ကိုယ်က ဆိုင်းရင့်တစ်စ် ဟု ခေါ်ရမှာ ရယ်ချင်စရာ။

ဘာပဲဖြစ်ဖြစ် သည်ဘဝနှစ်ခုက မဆက်စပ်။

စိတ်ကူးယဉ်ဆန်ပါသည် ဆိုသော ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲမှာတောင် မင်းသားက ဆရာဝန်၊ မင်းသမီးက ပန်းချီဆရာမဖြစ်တာမျိုး သူ မဖတ်ဖူး၊ မကြည့်ဖူးခဲ့။

ဆရာဝန်ဆိုတာ အနိဋ္ဌာရုံတွေကြားမှာ ကျင်လည်ရသူ။

ပန်းချီဆရာကတော့ ဣဋ္ဌာရုံတွေကြားမှာ ကျင်လည်ရသည်ဟု ပြောလျှင် ရမည်ထင်သည်။ လှတာတွေကိုချည်းဆွဲမှာ မသေချာသော်လည်း အများကြည့်ချင်မည့် အဆင်အသွေး၊ အရုပ်တွေကိုဆွဲမှာတော့ သေချာနေတာ ကိုး။

သည်ဘဝနှစ်ခုက ဆက်စပ်မိဖို့ နေနေသာသာ မတော်တဆ ဆုံစည်း ဖြစ်ဖို့၊ ဆုံတွေ့ဖူးဖို့တောင် ခက်လှသည်။

ဘုရားရေ။

ဟိုက သူ့နာမည်တောင် ပြောပြမိတ်ဆက်မသွားသည့် မိန်းကလေး တစ်ယောက်ကို သူ သတိရကောင်းကောင်းနှင့် ရနေလိုက်တာ ဘဝချင်း ဆက်စပ်တာတွေ၊ မဆက်စပ်တာတွေတောင်ပါကုန်ပါပကောလား။ သူ့အဖြစ် က ရယ်စရာတော့ ကောင်းနေပြီထင်သည်။

ကိုယ့်ကိုယ်ကိုယ် ရယ်၍ ဖိုင်တွဲကို ပိတ်လိုက်စဉ် လူနာဆောင် အဝ တံခါးပေါက်ကဝင်လာနေသော သူ့သူငယ်ချင်း အလုပ်သင်ဆရာဝန်မ ကလေးနှစ်ဦးကို တွေ့ရသည်။ အောက်ထပ် သွေးနှင့်ကင်ဆာအထူးကုဆောင် မှာ တာဝန်ကျနေသူများပါ။ ကျောက်ကပ်အထူးကုဆောင်ကို ဘာလာ လုပ်ကြသည် မသိ။

သူ့ဆီတည့်တည့်လျှောက်လာနေကြတော့မှ သူ့ဆီလာမှန်းရိပ်မိသည်။

"ကျော်စွာ၊ နင် ခဏထွက်လို့ရလား"

"ရပါတယ်၊ အိုင်ဗွီပဲလား"

mgyoe.com

mgyoe.com SAMPLE BOOK

အလုပ်သင်ဆရာဝန်တွေထဲမှာ ကျော်စွာက အကြောဆေးထိုးလျှင် တစ်ချက်တည်းနှင့်ဝင်သည်။ လက်ကောင်းသည်ဟု နာမည်ကောင်းရနေသူဖြစ်၍ တခြားအဆောင်က သူငယ်ချင်းတွေ အကြောဆေးထိုးမရတိုင်း ကျော်စွာ့ကို လာခေါ်နေကျဖြစ်၍ မေးလိုက်ခြင်း ဖြစ်သည်။

"အေး"

"ဘာဖြစ်လို့လဲ၊ ငယ်လို့လား"

"ဆယ်နှစ်သားကလေးပါ၊ ဒါပေမဲ့ ကီမို ဆေးတွေက ခဏ ခဏ သွင်းရလွန်းလို့ အကြောတွေက ရောင်ထားတာ ထိုးစရာက မကျန်တော့ဘူး။ ရှိစုမဲ့စု အကြောကလေး ငါတို့ ထိုးလိုက်လို့ ပေါက်သွားရင် နင်ထိုးစရာ မကျန်တော့မှာစိုးလို့"

"ငိုလား"

"မငိုဘူး၊ သိပ် လိမ္မာတယ်၊ အမြဲတမ်း ငြိမ်ငြိမ်ကလေးခံတာ၊ သနားဖို့တောင် ကောင်းတယ်"

မမြင်ရသေးသော ကင်ဆာရောဂါသည် ဆယ်နှစ်သားကလေးကို မြင်ယောင်၍ ကျော်စွာပါ စိတ်မကောင်း ဖြစ်သွားသည်။

"သူ့အိမ်ကရော"

ကလေးက လိမ္မာသည်ဆိုသော်လည်း တစ်ခါတလေ ပါလာသည့် အိမ်သားတွေက စိုးရိမ်စိတ် ပိုပြီး ဝိုင်းအုံကြည့်လျှင် ဆရာဝန်ကလေးတို့ လက်တုန်တတ်စမြဲမို့ ကျော်စွာက မေးလိုက်ခြင်း ဖြစ်သည်။

"မရှိဘူး၊ သူ့အမေက သွေးလှူရှင် လိုက်ရှာနေတယ်"

"ဟာ- ဘာလဲ "ပလိတ်လက်" ကျနေတာလား"

သူငယ်ချင်းမကလေးက ရယ်သည်။

"ဟုတ်တယ်၊ နှစ်ဆယ်ပဲ ရှိတယ်"

"ရက်စက်ပါ့ဟာ၊ အပ်ထိုးရင် သွေးတွေ အများကြီးထွက်လာမှာ၊ နင်တို့ ငါ့ကို ချောက်ချတာပေါ့"

"အားကိုးတာပါဟာ၊ နင်ကလည်း လုပ်ပါ၊ ငါ နင့်ကို 'ခုပ်ဖူ'က အာလူးထောင်း ဝယ်ကျွေးပါ့မယ်၊ ငါတို့လည်း ကလေးကို သနားလို့ပါ"

"သူ့အမေ ပြန်လာမှ ထိုးရမှာ မဟုတ်ဘူးလား"

mgyoe.com

mgyoe.com SAMPLE BOOK

"မဟုတ်ဘူး၊ 'ကင်းမျှလာ' ထိုးထားရုံပဲ။ သူ့အမေက လုပ်ထားနှင့်ပါ၊ သူလည်း မကြည့်ရဲဘူးလို့ ပြောသွားတယ်"

ဘေးက သူငယ်ချင်းမကလေးက ရုတ်တရက် သတိရဟန်ဖြင့် ဝင်ပြောသည်။

"ဟဲ့-သူ့အစ်မလား မသိဘူး၊ အခန်းအပြင်ဘက်မှာ ကောင်မကလေး တစ်ယောက် စောင့်ရင်းနဲ့ ငိုနေတယ်"

"နင်ပြောတာ ဟို မျက်လုံးဝိုင်းဝိုင်း၊ ချောချောကလေးတစ်ယောက်ကို ပြောတာ မဟုတ်လား"ဟု ဘေးက ဆရာဝန်မကလေးက လှည့်မေးသည်။

"အေးလေ"

"ဟုတ်ပါ့မလားဟယ်၊ ဒီလူနာကလေးက တော်တော်ဆင်းရဲတာ၊ အဲဒီ ကောင်မကလေး ဝတ်ထားတာ ချည်သားမြန်မာဝတ်စုံဆိုပေမယ့် ချုပ်ခ အနည်းဆုံး သောင်းချီမယ့် ဒီဇိုင်းမျိုး"

ကျော်စွာက ရယ်၍ ဝင်ပြောသည်။

"နင်တို့ ဆွေးနွေးတာ ဘေးရောက်ကုန်ပြီ၊ ကဲ-လာ၊ သွားထိုးကြမယ်၊ ပြီးမှ ခေါ်မေး"

သူငယ်ချင်း သုံးယောက် အောက်ဆင်းခဲ့ကြသည်။

ဿဿ

ကလေးက တကယ် လိမ္မာပါသည်။ အဝတ်အစားကြည့်တာနှင့် တော်တော်နွမ်းပါးမှန်း သိသာသော်လည်း သန့်သန့်ပြန့်ပြန့်ကလေး ဖြစ်သည်။

ရုပ်ကလေးကလည်း ချစ်စရာကလေး။ ပါးက သနပ်ခါးကွက်ကလေးပင် ခြောက်ခါစပဲ ရှိသေးသည်။

"သားသား ငိုမှာလား ဟေ"

ကျော်စွာက အပ်ထည့်ထားသည့် စတီးဗန်းငယ်ကို လူနာခုတင်ဘေးက စားပွဲပေါ်ချရင်း ကျီစယ်သည်။ ကလေးက ချစ်စဖွယ် ပြုံးပြသည်။

"ငိုပါဘူး၊ သားသားက ဆေးထိုးရင် ဘယ်တော့မှ မငိုဘူး"

"ဒါမှ သားသားကွ၊ ငိုရင် သားပါးကွက်အသစ်ကလေး ပျက်သွားလိမ့်မယ် မငိုနဲ့နော်"

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးက သူ့ပါးကွက်ကလေးကို သူ ယောင်၍ စမ်းကြည့်ပြီး ပြုံးသည်။

"မမ လိမ်းပေးထားတာ"

"ဟိုအခန်း အပြင်က မမလား"

အလုပ်သင် ဆရာဝန်မကလေးက ဝင်မေးတော့ လူနာကလေးက ပြုံးပြုံးကြီး ခေါင်းညိတ်သည်။

"ဟုတ်တယ်၊ အဲဒီ မမလှလှကလေး"

"လှပါတယ် ရှင်၊ လှပါတယ်၊ သားသားကလည်း လှပါတယ်၊ ကဲ…ဒီ ဦးဦးကို ငြိမ်ငြိမ်အိပ်ပေးလိုက်နော်"

သွေးထွက်ထားသည့် ဒဏ်ရာဟောင်းတွေ အများကြီးဖြစ်နေသော်လည်း ကလေးက တကယ်ကို လိမ်လိမ်မာမာနှင့် ငြိမ်ငြိမ်ကလေးနေပေးသည့်အတွက် ကျော်စွာ တစ်ချက်တည်းနှင့် အောင်မြင်သွားသည်။ ပတ်တီးကို ချက်ချင်း ဖိစည်းလိုက်နိုင်သည့်အတွက် သွေးလည်း သိပ်မထွက်လိုက်။

"ကျော်စွာရယ်၊ ဒါကြောင့် နင့်ကို အားကိုးတာ"

သူငယ်ချင်းမကလေးက မြှောက်တော့ ကျော်စွာ ရယ်သည်။

"ငါတော်တာ မဟုတ်ဘူး၊ ဒီသားသားတော်တာ၊ သူငြိမ်ငြိမ်ကလေး နေပေးလို့"

ကလေးက ကျော်စွာ့ပခုံးကို ကျော်ကြည့်၍ ပြုံးပြပြီး သူ ပတ်တီးစည်းထားသော လက်ကို မြှောက်ပြသည်။

"မမရေ၊ ဒီမှာ ပြီးသွားပြီ၊ တစ်ချက်တည်းပဲ၊ ဒီဦးဦးက သိပ်တော်တာပဲ"

ကျော်စွာနှင့် ဆရာဝန်မကလေးများ လှည့်ကြည့်ကြသည်။

ကျော်စွာက ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

"ကံ့ကော်"

ချည်သား မြန်မာဝတ်စုံ ရိုးရိုးကလေးနှင့်၊ သနပ်ခါးပါးကွက်ကျားနှင့် ရပ်နေသည့် မိန်းကလေးက ကျော်စွာသိပ်တွေ့ချင်နေသည့် ပန်းချီဆရာမကလေး ကံ့ကော်ပါပဲ။

ကလေးက ခုတင်ပေါ်က ချက်ချင်းဆင်း၍ ပတ်တီးစည်းမထားသော ညာလက်ကလေးနှင့် ကံ့ကော်၏ ဘယ်လက်ဖဝါးကို ပြေးတွဲထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"လာလေ မမ၊ ပန်းချီ သွားဆွဲကြမယ်"

ကံ့ကော်က အားတုံ့အားနာဟန်နှင့် ကျော်စွာကို မော့ကြည့်သည်။

"နေပါဦး သားရယ်၊ ဒေါက်တာတို့ကို မေးကြည့်ပါဦး၊ ဆေးသွင်း ရမယ်ဆို"

"ရတယ် ညီမ၊ ကလေး ပန်းချီ ခဏဆွဲချင်ဆွဲ၊ မမတို့သွေးရမှ သွေးကို အရင်သွင်းဦးမှာ၊ သူ့အမေပြန်လာရင် ပန်းချီခန်းမှာ လိုက်ခေါ်ခိုင်း လိုက်မယ်"

ဘေးက အသံထွက်လာ၍ လှည့်ကြည့်တော့ သွေးရောဂါ အထူးကု ဆရာဝန်မမကို တွေ့ရသည်။

"ကျေးဇူးပဲ မမ"

"ဟယ်-မမတို့က ကျေးဇူးတင်ရမှာလေကွယ်"

ကံ့ကော်က ကလေး လက်ကလေးကို ဆွဲ၍ အခန်းထဲက ထွက်သွား သည်။

ကျော်စွာက ဘာပြောရမှန်း မသိတော့လောက်အောင် အံ့အားသင့် ငေးမော၍ ကျန်ခဲ့သည်။

"ဟဲ့"

မမက ကျော်စွာမျက်နှာရှေ့မှာ လက်ဝါးယမ်းပြတော့မှ သတိဝင်ပြီး ရှက်ရယ် ရယ်သည်။

"ဒါ ကံ့ကော် မဟုတ်ဘူးလား မမ"

"အောင်မယ် မင်းက ကံ့ကော်ကိုတောင် သိနေပါလား"

ကျော်စွာ သက်ပြင်းချသည်။

"မနေ့က လှိုင်သာယာဘုန်းကြီးကျောင်းကို အစ်ကိုတို့ အစ်မတို့ဆီ လိုက်သွားရင်း ရောက်တော့ သူက အဲဒီမှာ စစ်ဘေးရှောင်ကလေးတွေကို ပန်းချီ သင်ပေးနေတာ တွေ့ခဲ့ပြီး သိတာပါ"

မမက ခေါင်းညိတ်သည်။

"အေး ဟုတ်တာပေါ့၊ အဲဒီ လင်မယားနဲ့ သူကလည်း ရင်းနှီးတာကိုး"

ဆရာဝန်မကလေးတစ်ဦးက သိလိုစိတ်နှင့် ဝင်မေးသည်။

"လူနာက သူ့မောင်လေးလား မမ"

mgyoe.com

မမက ရယ်သည်။

"ကြဲကြဲဖန်ဖန် ဟယ်၊ ကံ့ကော်က ဒီမှာ ကင်ဆာဖြစ်နေတဲ့ ကလေးတွေကို နာတာ၊ စိတ်ဓာတ်ကျတာ သက်သာပါစေတော့ ဆိုပြီး ပန်းချီမှန်မှန် လာသင်ပေးတာ။ ကလေးတွေကလည်း သူ့ကို ချစ်ကြသလား မမေးနဲ့။ သူလာရင် ဆေးသွင်းချိန်ရောက်ရင်တောင် မနည်း လိုက်ခေါ်ရတယ်။ သူကလည်း ကလေးတွေကို ချစ်လိုက်တာ။ တစ်ခါအပ်ထိုးလို့ ကလေး ငိုရင် တစ်ခါသေးသေးငို၊ ကလေးတစ်ယောက်သေ၊ တစ်ခါကြီးကြီးငိုပဲ"

ကျော်စွာ့ရင်ထဲ နွေးခနဲ ဖြစ်သွားပြီး မျက်ရည်ပါစို့သည်။ ဆရာဝန်မကလေး တစ်ဦးကတော့ ညည်းပြောကလေးပြောသည်။

"ချစ်စရာကောင်းလိုက်တာ ညီမကလေးရယ်"

"ဒါနဲ့ မမ၊ ပန်းချီခန်း ဆိုတာက"

ကျော်စွာ ဝင်မေးတော့ မမက ခေါင်းညိတ်ပြသည်။

"မင်းတို့က ခဏ ခဏ လူနာဆောင် ပြောင်းရတော့ မသိဘူးပေါ့။ တို့ဆီမှာ ကမ္ဘာ့ကလေး ကင်ဆာ ရန်ပုံငွေအဖွဲ့က လာဖွင့်ပေးထားတဲ့ ဟီးရိုးစကူးလ် ဆိုတာ ရှိတယ်။ ကင်ဆာရောဂါသည် ကလေးတွေက ဆေးရုံက ခဏခဏလည်းတက်ရ၊ တက်ရရင်လည်း ကြာတတ်ကြတော့ စာသင်လည်း မပျက်ရအောင်၊ ပြီးတော့ ပျော်အောင်၊ နာတာတွေမေ့အောင်ဆိုပြီး စာသင်ခန်းကလေး လုပ်ပေးထားတာ။ သူတို့လခနဲ့ ခန့်ထားတဲ့ ဆရာမတွေလည်း ရှိတယ်။ ကံ့ကော်တို့လို မေတ္တာသက်သက်နဲ့ လာလုပ်အားပေးတဲ့ ဆရာမတွေလည်း ရှိတယ်။ သူက တစ်ပတ် နှစ်ရက်လောက် လာတယ်။ သူလာရင် ကလေးတွေက ပန်းချီလည်းဆွဲရတယ်၊ အရုပ်တွေ ညှပ်တာ ကပ်တာတွေလည်း လုပ်ရတော့ ပျော်မှ ပျော်ပဲ။ မင်းတို့ကြည့်မလား။ မမ လိုက်ပြပေးမယ်"

မနေ့က အဖြစ်အပျက်ကို စဉ်းစား၍ ကျော်စွာ တွန့်သွားသည်။

"သူက ကြိုက်ပါ့မလား မမ"

မမက ရယ်သည်။

"ကံ့ကော်က သဘောကောင်းပါတယ်ဟဲ့၊ မင်းနဲ့ ဘာတွေဖြစ်ခဲ့လို့လဲ"

ပြောမပြချင်တော့၍ ခေါင်းကုတ်ပြီး ရှက်ရယ်သာရယ်နေရသည်။


mgyoe.com

mgyoe.com SAMPLE BOOK

မမပြောတာ မှန်သည်။

ကံ့ကော်က သူတို့ကို အပြုံးကလေးနှင့် ကြိုဆိုပါသည်။

"သူတို့ ကံ့ကော်လုပ်တာ ကြည့်ချင်လို့တဲ့၊ ရလား ညီမ"

မမက မေးတော့ ပြုံး၍ ခေါင်းညိတ်ပြသည်။

"အားရင် ဝင်ကူလေ"

"အိုး-ကူမှာပေါ့"ဟု ကျော့စွာက အားတက်သရောပြောလိုက်သည်။

ဘယ်လောက် ကောင်းလိုက်တဲ့ကံလဲ။ ကြည့်စမ်း။

တစ်မနက်လုံး သတိရနေမိသူကို မမျှော်လင့်ဘဲ၊ လိုက်မရှာရဘဲ ပက်ပင်းတိုးမိရုံသာမက သူ့အနားမှာတောင် ခဏနေခွင့်ရဦးမတဲ့။

ကလေးလေးတွေကလည်း ချစ်စရာကောင်းပါသည်။

အားလုံးနီးပါး ကတုံးကလေးတွေနှင့် အသားအရေ ညှိုးငယ်ခြောက်သွေ့နေကြသော်လည်း အပြစ်ကင်းစွာ ပြုံးပျော်နေကြသည်။

ကံ့ကော်ယူလာသော ကာတွန်းရုပ်ပုံ အဖြူ အမည်းကလေးများကို တစ်ယောက်တစ်ရွက်ကိုင်၍ ခဲတံရောင်စုံကလေးများနှင့် အရောင်ခြယ်ဖြည့်သွင်းနေကြသည်။

ကျော့စွာနှင့် သူငယ်ချင်းမကလေးနှစ်ဦးက တစ်ယောက်ကို ကလေးသုံးဦးစီလောက် တာဝန်ယူ၍ သူတို့မေးသမျှကို စိတ်ရှည်ရှည်ဖြေ၊ သူတို့ရှာမတွေ့သော အရောင်များကို ကူရှာပေးကြရသည်။

ကင်ဆာဆိုတာ နာမှာပေါ့။

ပြီးတော့ အများစုက သွေးကင်ဆာရောဂါသည် ကလေးတွေလေ။ လူကြီးတွေလိုလည်း နာတာကို ဝေဒနာရှုဟု ဆုံးမ၍ ရသည့် အရွယ်ကလေးတွေလည်း မဟုတ်။

သာမန်လိုသာဆိုလျှင်တော့ နာ၍ ငိုနေကြရသည့် အချိန်က များမည်ထင်သည်။

ယခုတော့ နာတာကိုပင် သတိရကြပုံမပေါ်။ သူတို့ ချစ်သော မမနှင့် ပျော်ရွှင်စွာ ပန်းချီဆွဲနေကြသည်။

သည် ဘာမှ မပြင်ဆင်ထားသော မိန်းကလေးသည် လှပါသည်ဟု ပြော၍ ရယုံလောက်သာလှသည့် မိန်းကလေးတစ်ဦး ဖြစ်သော်လည်း သည်ကလေးတွေကြားထဲမှာ မေတ္တာရည်ဝနေသော မျက်လုံးတစ်စုံနှင့် သွားလာ

mgyoe.com

mgyoe.com SAMPLE BOOK

လှုပ်ရှားနေသည့် သူ့ကို ကြည့်ရတာ ကျော်စွာ့မျက်စိထဲတွင် နတ်သမီးတမျှ လင်းလက်တောက်ပ၍ နေလေသည်။

ဿဿ

သူငယ်ချင်းမကလေးတစ်ယောက်က 'နင် ကျောက်ကပ်ကို မပြန်တော့ဘူးလား…ဟု တိုးတိုးမေးမှ နာရီ ကြည့်မိသည်။

ဟုတ်ပါရဲ့။

ဟိုက အကြီးတွေ သူ့ကို လိုက်ရှာနေလောက်ပြီ။

ကံ့ကော်ကို အားနာပါးနာ မျက်ရိပ်ပြတော့ ပြုံး၍ ခေါင်းညိတ်ပြသည်။

သူ တွန့်ဆုတ်စွာပင် နေရာမှ ထ၍ အခန်းပြင် ထွက်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် သူ့ကို ဘယ်နေရာမှာ ရှာလျှင် တွေ့နိုင်သည်ဆိုတာ သိသည့်အဆင့်လောက်အထိတော့ တိုးတက်ခဲ့ပြီပဲလေ။

"ကိုကျော်စွာ"

သူ အံ့သြစွာ လှည့်ကြည့်မိသည်။

ကံ့ကော်၊ အခန်းဝက ရပ်၍ သူ့ကို ခေါ်နေသည်။

သူ့ရင်တို့ နွေးထွေးစွာ ခုန်သည်။ သူနှင့် သူငယ်ချင်းမကလေးတွေ ကံ့ကော်ရှေ့မှာ 'ကျော်စွာ' ဆိုသည့် နာမည်ကို တစ်ခါမှ မခေါ်ဖြစ်ခဲ့ ကြောင်း သတိရမိသည်။

သူ့နာမည်တော့ မှတ်ထားဖော်ရရှာသားပဲ။

"ကျွန်မ ချစ်တဲ့ကလေးလေးကို မနာအောင် ဆေးထိုးပေးတာ ကျေးဇူးပဲနော်"

သူ့ရင် ပို၍ နွေးသွားသည်။

စောစောက မမပြောသည့် 'မမတို့က ကျေးဇူးတင်ရမှာလေကွယ်' ဆိုသည့် စကားကို သတိရမိသည်။

သူ သက်ပြင်းချ၍ ပြန်မေးမိသည်။

"သူတို့ကလေးတွေကို ချစ်ရတာ မပင်ပန်းဘူးလား ကံ့ကော်"

ခဏ ခဏ ငိုရတာကို ရည်ညွှန်း၍ မေးလိုက်တာကို ကံ့ကော်က ရိပ်မိဟန်တူသည်။

mgyoe.com

mgyoe.com SAMPLE BOOK

အခန်းအတွင်းဘက်သို့ တစ်ချက်လှည့်ကြည့်ပြီး သူ့အနားသို့ တိုးလာ၍ တိုးတိုးပြောသည်။

"သူတို့ကလေးတွေကို မမြင်ဖူးခင်ကတည်းက ကိုယ်လာရင် သူတို့ကလေးတွေ စိတ်ချမ်းသာမလားလို့ တွေးပြီး ကြိုချစ်နေခဲ့မိတာ။ လာတော့လည်း ကိုကျော်စွာမြင်တဲ့အတိုင်းပဲ အရင်အပတ်ကဆိုရင် ကလေးတစ်ယောက်အသည်းအသန် ဖြစ်လို့ လမ်းဟိုဘက်က အရေးပေါ်ဆောင်ကို ပို့ရတယ်။ ကလေးက မသွားဘူးလို့ငြင်းသတဲ့။ ဒီနေ့ ပန်းချီဆွဲတဲ့မမ လာမှာ။ သူပန်းချီဆွဲမလို့တဲ့။ အမှန်က သူ့နောက်ဆုံး အချိန်လိုမျိုး ဖြစ်နေပြီ။ ကျွန်မရောက်လာလို့ ဒီက မမတွေ ဆီးပြောတော့ မမပါ လိုက်ခဲ့ပါ့မယ် ပြောမှသွားတယ်။ ဟိုမှာ သွေးသွင်းထားရင်း ပက်လက် ပန်းချီဆွဲချင်တယ်ပြောတော့သူ့ကို ကျွန်မရင်ခွင်ထဲ ဖက်ထားရင်း ပေးဆွဲရတယ်၊ သူ ဆွဲရင်း ဆုံးတာ"

ကျော်စွာ ပါးစပ် အဟောင်းသား ဖြစ်သွားသည်။

ကုံကော်က မျက်ရည်ကျသည်။

"ကျွန်မလေ ငိုတာ တစ်ညလုံးပဲ။ ဖေဖေကတောင် ဆူတယ်၊ သမီးဒီလောက်ခံစားတတ်ရင် ဒီကလေးတွေနဲ့ သမီး ဘယ်လို ဆက်နေမလဲတဲ့"

ကုံကော်က မျက်ရည်ကို လက်မှာ ကိုင်လာသော တစ်ရှူး စက္ကူစနှင့် သုတ်သည်။ ကျော်စွာပါ မျက်ရည်လည်လာသည်။

"ဟုတ်တယ်၊ သူတို့ကို ချစ်ရတာ ကျွန်မ သိပ်ပင်ပန်းတယ်။ ဒါပေမဲ့အဲဒီ ကလေးဟာ နောက်ဆုံးအချိန်အထိ နာတာနဲ့ ကြောက်တာကို ခံစားဖို့သတိမရလိုက်ဘူး။ ကျွန်မတော့ တန်တယ်ထင်တယ်။ ပင်ပန်းလည်း ကျွန်မဆက်ချစ်မှာပဲ"

ကျော်စွာ တုန်ရီစွာဖြင့်"သာဓုပါဗျာ"ဟု တိုးတိုးရေရွတ်မိသည်။

ကုံကော်က ရတ်တရက် ပြုံးလိုက်သည်။

"ကိုကျော်စွာတို့က ဆရာဝန်ဆိုတော့ ကျွန်မတို့ လုပ်ပေးနိုင်တာတွေထက် ပိုလုပ်ပေးနိုင်မှာပေါ့၊ ကောင်းပါတယ်။ ကျွန်မ လိုက်လာတာကကိုကျော်စွာ စိတ်ဝင်စားရင် ကျွန်မပါတဲ့ ပန်းချီပြပွဲကို ဖိတ်မလို့"

လုပ်ခနဲ ဝမ်းသာသွားသည်။

"လောကနတ်မှာလား"

mgyoe.com

mgyoe.com
SAMPLE BOOK

''ဟုတ်တယ်၊ ဒီနေ့ နောက်ဆုံးပဲ၊ ကိုကျော်စွာ ဒီကနေ့ ညနေ လေးနာရီလောက် အလုပ်ဆင်းရင် လာခဲ့ပါလား၊ ကျွန်မလည်း ရှိနေမယ်''

''ဟာ- လာမှာပေါ့''

''ဒါဆို ဆုံမယ်လေ၊ သွားပြီနော်''

ကံ့ကော် လှစ်ခနဲ ပြန်လှည့်ဝင်သွားသည်။

အဲသည်တော့မှ ကျော်စွာ ပန်းချီပြပွဲကို သူရောက်ခဲ့ပြီးသားဆိုတာ သတိရပြီး ပြုံးမိလေသည်။

ဴဴ

လောကနတ်ပန်းချီပြခန်းကို ရောက်ရောက်ချင်း မနေ့က သူကြည့်ခဲ့သော ကံ့ကော်၏ ပုံတူ ပန်းချီရှိရာသို့ တန်းသွားသည်။ ကံ့ကော်များ အဲသည် အနားမှာ ရှိနေမလားလို့ပါ။

တကယ်တမ်း ရောက်သွားတော့ ပန်းချီကားကိုသာတွေ့ရပြီး ကံ့ကော် ကို မတွေ့ရ။

သူ မတွေ့ချင်ဆုံးသူနှင့်မှ ပက်ပင်းတိုးရလေတော့သည်။

မနေ့က သည်ပန်းချီကားရှေ့မှာ ဆုံခဲ့သော သူနာမည်မသိသေးသည့် လူပါ။ ထိုလူကလည်း သူ့ကို မမျှော်လင့်ထားသဖြင့် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

''ဟာ မနေ့က ညီလေးပါလား''

ကျော်စွာ စိတ်ညစ်သွားသည်။ 'ခင်ဗျား တစ်နေ့ တစ်နေ့ လာတဲ့ ပရိသတ်တွေ ဒီလောက်များတာ ကျွန်တော့်ကို မမှတ်မိဘဲ နေလိုက်ပါလား' ဟု စိတ်ထဲက ရေရွတ်မိသည်။

ထိုလူ့ မျက်နှာက ချက်ချင်း ပြုံးသွားသည်။

''ဒီ ပန်းချီကားရှေ့မှာ တွေ့ပြန်ပြီဆိုတော့ မဟုတ်မှလွဲရော၊ ငါ့ညီ ပန်းချီကားထက် ပန်းချီကားထဲက မိန်းကလေးကို စိတ်ဝင်စားနေတာဖြစ်ရမယ်၊ ဟုတ်လား၊ ဟား...ဟား၊ စတာ နော်''

ကျော်စွာ ဘာဖြေရမှန်း မသိသဖြင့် 'ထားပါတော့ဗျာ' ဟုသာ ပြောလိုက်ရသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဆို ငါ့ညီ ကံကောင်းပြီ"

"ဘာဖြစ်လို့လဲ"

"ဒါ ပန်းချီဆရာမကလေးက သူ့ပုံသူ ပြန်ဆွဲထားတာကွ၊ အခု သူရှိနေတယ်၊ အစ်ကို မိတ်ဆက်ပေးရမလား"

"ကံ့ကော်ကို ပြောတာလား"

"ဟုတ်ပ"

"ဩော်၊ ကိုကျော်စွာ ရောက်လာပြီလား"

ဘေးက အသံထွက်လာသဖြင့် နှစ်ယောက်သား လှည့်ကြည့်မိကြသည်။ ကျော်စွာ အနည်းငယ် အံ့အားသင့်သွားသည်။

ကံ့ကော်ပါ။

ကံကော့်က ယခင်မြင်ဖူးသလို မြန်မာဝတ်စုံကလေးနှင့် မဟုတ်တော့ဘဲ ချည်သားတီရှပ်အဖြူ ခပ်ပွပွနှင့် ချည်သား ဘောင်းဘီရှည် အဖြူပွပွကို ဝတ်ဆင်ထားသဖြင့် မြန်မာမကလေးနှင့် စာလျှင် မြေထဲပင်လယ်မှာ လာအပန်းဖြေနေသော သိုးဆောင်းနွယ်ဝင် အဖြူမကလေးနှင့်သာ တူနေသည်။

မျက်နှာကတော့ သနပ်ခါး ပါးကွက်ကျားနှင့်။

ကံ့ကော်က ကျော်စွာနံဘေးမှာ ရင်းရင်းနှီးနှီး လာရပ်လိုက်သဖြင့် စောစောကလူ တော်တော် အံ့သြသွားပုံရသည်။

"ကိုကျော်စွာ၊ ဒါ ကိုမင်းပြည့်တဲ့၊ ကျွန်မ ဆရာဆီမှာ ပန်းချီ အတူတူ သင်တဲ့အစ်ကို၊ ကိုမင်းပြည့်၊ ဒါ ဒေါက်တာကျော်စွာတဲ့ ၊ ကံ့ကော် သူငယ်ချင်း အသစ်စက်စက်"

ကိုမင်းပြည့် ရုတ်တရက် ဘာပြောရမှန်း မသိ။

အဲသည် အချိန်မှာ အသက်လေးဆယ်ခန့် လူကြီးတစ်ဦး ထပ်ရောက်လာသည်။

"ကံ့ကော်ရေ သမီး၊ ဆရာကြီးက ခဏတဲ့"

"ဟုတ်...ဦး၊ လာပါပြီ။ ကိုကျော်စွာ ခဏစောင့်နော်"

ကံ့ကော်က လာခေါ်သူနောက်သို့ ဖျတ်လတ်စွာ လိုက်ပါသွားသည်။

ကိုမင်းပြည့်က ယခုမှ အသက်ဝင်လာဟန်နှင့် ကျော်စွာဘက် လှည့်ပြောသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

"ဟာ–ဒေါက်တာ တော်တော်ဆိုးတာပဲ၊ ကံ့ကော်နဲ့ သိပြီးသားဥစ္စာ ကျွန်တော့်ကို မပြောပြဘူး"

ကျော်စွာ ရယ်သည်။

"ဆုံတော့ ဆုံဖူးတယ်ပေါ့ဗျာ၊ မခင်ပါဘူး၊ ဒီပုံကို မနေ့က တွေ့တော့ သူနဲ့ တူလွန်းလို့ အံ့ဩသွားတာ။ ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် တစ်နေရာမှာ ခင်လာလို့ သူက ပြပွဲလာဖို့ ဖိတ်လိုက်တာ"

ကိုမင်းပြည့် ပြုံးသွားသည်။

"ဩော်–အဲဒီတော့ ခင်ဗျားက မနေ့က လာပြီးသားလို့ မပြောဘဲ"

"ဟိုး…ဆရာ…ဟိုး"

ကျော်စွာ ရှက်ရယ် ရယ်ရင်းက စကားလွှဲသည်။

"ဒါထက် ဒီပုံကို သူက ဘာလို့မရောင်းတာလဲ၊ အစ်ကို သိလား"

"အပျိုကလေးမို့ သူ့ပုံတူ သူများသိမ်းတာ မကြိုက်လို့ ဖြစ်မှာပေါ့၊ အခုတောင် ခင်ဗျား ဝယ်ချင်နေတာကြည့်"

ကျော်စွာ ရယ်ရပြန်သည်။

"ဟုတ်ပါပြီ၊ ဒါဆို အစကတည်းက သူ့ပုံတူ သူ မဆွဲနဲ့ပေါ့"

"အင်း–ကျွန်တော် သိသလောက်တော့ သူ တက္ကသိုလ်မှာတုန်းကတည်းက ဒီပုံဆွဲတာ၊ အဲဒီ တက္ကသိုလ်က လူပုံတူဆွဲတဲ့ ပရောဂျက်ပေးရင် ကိုယ့်ပုံပဲ ကိုယ်ဆွဲခွင့်ရှိတယ်ဆိုလား"

"ယဉ်ကျေးမှုတက္ကသိုလ်လား"

ကိုမင်းပြည့် ခေါင်းခါသည်။

"ကံ့ကော်က လန်ဒန်က တက္ကသိုလ်တစ်ခုကနေ ပန်းချီနဲ့ ဝိဇ္ဇာဘွဲ့ ရခဲ့တာပါ"

ကျော်စွာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

သည်ခေတ် သည်အခါမှာ တတ်နိုင်သည့် မိဘက မွေးထားသည့် လူငယ်တွေ နိုင်ငံခြားမှာ တက္ကသိုလ်သွားတက်ကြတာ မထူးဆန်းသော်လည်း ပန်းချီဝိဇ္ဇာဘွဲ့သွားတက်သူကတော့ တစ်ခါမှ မကြားဖူးသလောက်ပါပေ။

ထိုထက် ပို၍ကား ထိုဝိဇ္ဇာဘွဲ့ရခဲ့ပြီးခါမှ မြန်မာပြည် ပြန်လာပြီး မိတမဲ့ ကလေးငယ်ကလေးတွေ၊ ကင်ဆာရောဂါသည် ကလေးငယ်ကလေးတွေကို ပန်းချီဆွဲပြပြီး အားမငယ်အောင် ကူညီသည့် အလုပ်တစ်ခုတည်း လုပ်နေသူဆိုတာတော့ ပို၍ပင် ရှားပေလိမ့်မည်။

mgyoe.com